
www.burmeseclassic.com

# LU NAY

# လူနေ | အချို့မြစ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

(က)

ထိုမြို့လေးကို "ကျော်စိန်မြို့" လို့ခေါ်ကြသည်။ ဘာကြောင့် အဲ့ဒီနာမည်တွင်ရတာလဲ။

ဘယ်သူမေးမေး သေသေချာချာ မသိကြပါ။ သိတဲ့လူ တစ်ဦး နှစ်ဦးတော့ရှိသည်။ သို့သော် သူတို့ကလည်း တစ်ယောက် တစ်မျိုးဖြစ်နေသည်။

"ဦးကျော်စိန်တည်တဲ့မြို့မို့လို့ ကျော်စိန်မြို့လို့ ခေါ်တာလား"

"မဟုတ်ဘူး"

သိတဲ့အဖိုးကြီးက သူငယ်ပြန်နေသေးသည်။

"ဒါဆို ပထမဆုံး မြို့လူကြီးကို ဂုဏ်ပြုတဲ့အနေနဲ့ပေးထား တာလား"

"တားတိတာတော့ အဲ့ဒီလိုမျိုးလည်း ဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကြီးကို "ဝူး" ကနဲ လုပ်ရင်း ပြန်ဖြေသည်။

"ဒါဆို ဘာဖြစ်လို့ခေါ်တာလဲ အဘရဲ့"

အဘရဲ့ဆိုတဲ့ အခေါ်အပြောကြောင့် အဖိုးကြီးက လေယာဉ်ကို လေထဲတွင်ရပ်တန့်လိုက်သည်။

မေးတဲ့လူကိုလည်း မကြည်သလိုကြည့်သည်။ ပြီးမှ . . .

"ဒီတစ်ခေါက်တော့ တားခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ အဘရို့မခေါ်နဲ့"

"ဟုတ် . . . ဟုတ်ကဲ့ပါ"

"သေချာနားထောင်"

"ဟုတ်"

"တားငယ်ငယ်တုန်းက ကျောင်းမှာစာမရတဲ့ အခါတွေ ဆိုရင်"

"အင်း"

"ဆရာမက ကြိမ်နဲ့ဆော်တတ်တယ်"

" ဟုတ် . . . ဟုတ်"

"ကြိမ်နဲ့ဆော်ပါများတော့ ကျော်စိန်လို့ဖြစ်လာတယ်မှတ် . . . ဒါပဲ"

ဟု ပြောပြီးလေယာဉ်ဆက်မောင်းနေလေသည်။

ဤသို့ဖြင့် ကျော်စိန်မြို့သမိုင်းကြောင်း ပျက်သွားသည်၊



BURMESE CLASSIC .com



နောက် တစ်ယောက်ကလည်း ဆိုသေးသည်။

"တို့မြို့မှာ ဟိုးအရင်ခေတ်တုန်းက ကျော်ကြားတဲ့စိန်တွေ ရောင်းဝယ်တဲ့ နေရာပေါ့၊ ဒါကြောင့် ကျော်စိန်လို့ နာမည်ပေးထားတာ"

ထားလိုက်ပါတော့။

ဘယ်လိုပဲဖြစ်နေဖြစ်နေ ထိုမြို့ကို **"ကျော်စိန်မြို့"** လို့ပဲ အားလုံးက ခေါ်ကြသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## (ခ)

"ကျော်စိန်မြို့"က လူတွေက အတန်ငယ်အူကြောင်ကြောင်နိုင်သလို ရယ်စရာလည်းကောင်းသည်ဟုလည်း ထင်ပါသည်။

သို့သော် သူတို့ လုပ်ရပ်တွေကမှားသည်ဟုလည်း မဆိုသာ မှန်သည်ဟုလည်း အတတ်မပြောနိုင်သည့် အနေအထားဖြစ်သည်။

ကျောင်းတစ်ကျောင်းရှိသည်။ ထုံးစံအတိုင်း မြို့ရဲ့တစ်ခုတည်းသောကျောင်းပေါ့။

အားလုံးကအားထားရသည်။ ဉာဏ်ရည်ထက်မြက်သော ကျောင်းသားကျောင်းသူများလည်းထွက်သည်။

စာသင်ခန်းတစ်ခုတွင်ဖြစ်သည်။ ဆရာမက ကျောင်းသားကျောင်းသူများကို တစ်ချက်ကြည့်ပြီး မေးသည်။

"ရှစ်ကို တဝက်ဝက်ရင် ဘယ်လောက်ရသလဲ"





အားလုံးတိတ်ဆိတ်သွားသည်။

ဟိုလူကြည့် ဒီလူကြည့်ဖြစ်နေသည်။ နင်ဖြေလိုက်၊ သူဖြေလိုက်ဆိုတဲ့ ပုံစံတွေနဲ့ပါ။ ဒါနဲ့ ဆရာမကပဲ ရွေးပေးရသည်။

"ကဲ . . . မောင်ဇော်က ထဖြေ"

မောင်ဇော်က ဆိုသည့်ကျောင်းသားက ခပ်သွက်သွက်ထသည်။ လက်ကလေးပိုက်၏။ ထို့နောက် မဖြေသေးပဲ . . .

"ဆရာမ"

"ဟေ"

"ရှစ်ကို ကျွန်တော်က အပေါ်အောက်ပိုင်းရမှာလား၊ ရှေ့နောက်ပိုင်းရမှာလား ဆရာမ"

"ဟင်"

ဆရာမက ဇော်က အမေးကြောင့် ကြောင်သွားသည်။ ကျောင်းသားကျောင်းသူများကလည်း ဇော်ကကို တစ်ချက်ကြည့်သည်။ "ပိုင်းချင်သလိုပိုင်းပေါ့" ဆိုသည့် နောက်ပြောင်သံများလဲ ထွက်လာသည်။

"ဘာကြောင့်လဲ မောင်ဇော်က"

"ဒီလိုပါ ဆရာမ"

"အင်း . . . ပြောပါဦး"

စကားကြောရှည်တော့မည်ဆိုတာကို သိ၍ အားလုံးက မျက်နှာရှုံ့မဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



-"ရှစ်(8)ကို အပေါ်အောက်ထက်ဝက်ပိုင်းရင် သုံး (3) ရပါတယ် ဆရာမ၊ ရှေ့နောက်ပိုင်းရင်တော့ သုည(0) ရပါတယ်"

"ဟာ . . . ဟုတ်သေးဘူးလေ"

ဟု ဆရာမပြောပြီးမှ ဇော်ကအဖြေက မှားလည်းမမှားဟု ပြန်တွေးမိသောကြောင့် ဆက်မပြောပဲရပ်ထားလိုက်သည်။

| |
|---|
| $8 = \varepsilon/3$ |
| $8 = \frac{0}{0}$ |

"ကဲ . . . ကဲ ပြန်ထိုင်ပါတော့ မောင်မင်းကြီးသားရယ်" ဟု ပြောပြီး အတင်းထိုင်ခိုင်းရသည်။

သူက ပြန်ထိုင်တော့ ဘေးနားက သူ့သူငယ်ချင်း တော်ကီက "မင်းဘာတွေလျှောက်ပြောနေတာလဲ" ဟု ပြော၏။

"ဟ . . . ငါဖြေတာမှားလို့လား" ဟု ဇော်က,က အထွန့်တက်နေသေးသည်။ အပြစ်တင်သော တော်ကီလည်း ငြိမ်သွား၏။

ဆရာမ၏အသံ ပြန်ထွက်လာသည်။

"ဒီတစ်ခါတော့ စာတွေပဲမေးနေတာ ငြီးငွေ့ရောပေါ့၊ ဒီတော့ ဒီအထဲမှာ ဘယ်သူတွေက စိတ်ကူးဉာဏ်ကောင်းလဲလို့ မေးကြည့်ရအောင်"

"မေးပါ ဆရာမ"





အားလုံးက တညီတညွတ်ထဲ ဖြေလိုက်တာကြောင့် ဆရာမ ပင် လန့်သွားသည်။ ပြီးမှ အိန္ဒြေဆည်လိုက်ပြီး . . .

"ဒါဆို ဆုတောင်းပြည့် အရင်ထ"

ဆုတောင်းပြည့်ဆိုသည့် ကောင်မလေးက မတ်တပ်ရပ် လိုက်သည်။ သူ့အမေကိုယ်ဝန်ရှိတုန်း သူ့အဖေက သမီးလေးလိုချင် ကြောင်း ဆုတောင်းသည်။ မွေးတော့ သမီးလေးမွေးသဖြင့် ဆု တောင်းပြည့်သွားသောကြောင့် ဆုတောင်းပြည့်ဟု အမည်ပေးထား သော ကောင်မလေးတစ်ယောက်ဖြစ်သည်။

"မြန်မာအက္ခရာ ကကြီး၊ ခခွေး ဗျည်းအက္ခရာ ၃၃ လုံး ထဲမှာ မှတ်ရအခက်ဆုံးဖြစ်တဲ့ ဎ ဋ ဍ ဆိုတဲ့ အက္ခရာသုံးလုံးကို တသက်လုံးမှတ်မိနိုင်အောင် ဘယ်လိုမှတ်ရင် ကောင်းမလဲ"

"အဲ"

ဆုတောင်းပြည့် ပါးစပ်ကလေး ဟသွားသည်။ ကျောင်း သားကျောင်းသူများကလည်း ဆရာမမေးခွန်းကို အလုအယက် စဉ်း စားကြသည်။ ဆုတောင်းပြည့်မဖြေနိုင်ရင် သူတို့ဖြေနိုင်အောင်လို့ပါ။ ဆုတောင်းပြည့်ကလည်း စဉ်းစားသည်။

**ဎ ဋ ဍ**

"မစဉ်းစားနိုင်ဘူးလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာမ၊ စဉ်းစားလို့ရပါပြီ"

"ကဲ . . . ဒါဆို အားလုံးလဲ မှတ်ထားလို့ရအောင် ပြောပြပါဦး"

ဆရာမက တည်ငြိမ်သည့်အသံဖြင့် ပြောသည်။ ဆုတောင်းပြည့်က . . .

"ဆရာမ ဘလက်ဘုတ်မှာ ခဏရေးလို့ရမလား"

"ရပါတယ်"

ဆုတောင်းပြည့်က စာသင်ခန်းရှေ့ထွက်လိုက်ပြီး သူမှီသော နေရာလေးကိုပဲ ကွက်ပြီး မြေဖြူနှင့် ရေးလိုက်သည်။

ၡ ၆ ၃

"လူကြီးသုံးယောက် ဆွမ်းခံထွက်လာတယ်"

ရေးထားသော အက္ခရာသုံးလုံးကို လက်ထောက်လိုက်ပြီး အားလုံးကို လှည့်ပြောလိုက်သည်။

"နောက်ဆုံးက လူကြီးက အလယ်က လူကြီးကို ခြေထောက်နဲ့လှမ်းကန်လိုက်တယ်"

ၡ





"အဲဒီအခါမှာ အလယ်က လူကြီးကလည်း ဘယ်ခံမလဲ၊ ခြေထောက်နဲ့ အနောက်ကို ပြန်ကန်တာပေါ့"

ၡ ၆

"အဲ့ဒီအခါမှာ အရှေ့ဆုံးရောက်နေတဲ့ လူကြီးက နောက်က ဒီလူကြီးနှစ်ယောက် ဘာဖြစ်နေ ြပြီးလှည့် ဆူတယ်"

ၡ ၆ ၃

"အဲ့ဒီပုံစံနဲ့ပဲ အလှူဆက်ခံသွားရော ဆရာမ"

ဟု ဆုတောင်းပြည့်က သူ၏စကားကို အဆုံးသတ်လိုက်သည်။

အားလုံးမှာ ရယ်မောလိုက်ကြပြီး ဆုတောင်းပြည့်၏ သင်နည်းကို သဘောကျသွားကြလေသည်။

ထိုအချိန်တွင် ကျောင်းဆင်းခေါင်းလောင်းထိုးသံကို ကြားလိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့သော

ကျောင်းသားကျောင်းသူလေးတွေတ

နောင်တစ်ချိန်တွင်

ဤမြို့လေး၏ မြို့သူမြို့သားများ

ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မြို့သူမြို့သားတော်တော်များများက ဉာဏ်ကောင်း ကြသလို ပေါက်ပေါက်ရှာရှာလည်း လုပ်တတ်၊ ပြောတတ်သည်။

စီးပွားရေးဆိုလည်း အခြားမြို့တွေထက် ဆန်းမှထူးမှလုပ်တတ်သည်။ အခြေခံစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုလည်း လုပ်ကြသည်။

သို့သော် တော်တော်များများကတော့ သူတို့စိတ်ထင်သည့် စီးပွားရေး ခပ်ဆန်းဆန်းများ လုပ်တတ်သည်။ မထူးဆန်းသည့် စီးပွားရေးများကိုလည်း လူစိတ်ဝင်စားအောင် လုပ်တတ်သည်။

ဥပမာ- အခြားမြို့မှာလည်း အရက်ရောင်းသည်။ ဒီ 'ကျော်စိန်မြို့' မှာလည်း အရက်ရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရိုးရိုးမရောင်းဘဲ သူတို့ရောင်းသည့် အရက်ပုလင်းတွင် ဟာသဆန်ဆန်စာလေးနှင့် တွဲရောင်းတတ်ကြသည်။

ဒီလိုပါ။

ကဲ့စမ်းမဲလား၊ မဟုတ်ပါ။ ဟာသလေးတစ်ပုဒ် သို့ ပုံပြင်တစ်ပုဒ် ဖြစ်သည်။ ဟာသများကလည်း တစ်ပုလင်းနှင့် တစ်ပုလင်း မတူကြပါ။

ဥပမာ- ပုလင်းတစ်ခုထဲတွင် အောက်ပါ ပုံပြင်ပါသည် ဆိုပါစို့။

တရံရောအခါ သူဌေးကြီးတစ်ဦးသည် ပစ္စည်းဥစ္စာများ မိသားစုဆွေမျိုးများကို စွန့်ခွာကာ၊ ဘဝတစ်ပါးသို့ ပြောင်းလဲတာနီး အချိန်တွင် ဝေဒနာခံစားရ၏။ ဤတွင် နတ်သား တစ်ပါးပေါ်ပေါက်လာပြီး "အသင် သူဌေးကြီး ပစ္စည်းဥစ္စာဆွေမျိုးများကို စွန့်ခွာ၍ မသွားလိုပါလျှင် အသက်ရှင်ရန် ကျွန်ုပ် ပေးသော အချက်သုံးချက် အနက် တစ်ချက်ကို အမြန်ပြုပါ" ဟု ဝေဒနာခံစားရသော သူဌေးကြီးအား ပြောပြ





ကာ အားဆေးပေး၏။

ထို့နောက် နတ်သားက အချက်သုံးချက်ကို တင်ပြ၏။ (၁) အရက်ကို လေးပုံသုံးပုံ သောက်လိုက်စမ်းပါ၊ (၂) အသင်ချစ်သော သားငယ်ကို သတ်ပစ်ပါ၊ (၃) အသင်၏မယားကို ငိုအောင် ရိုက်ပါ ဟု ပြောလေ၏။ သူဌေးကြီးသည် သားငယ်ကိုလည်း မသတ်ရက်၊ ဇနီးကိုလည်း ငိုအောင်မရိုက်ရက်၍ သူ့အသက်ရှင်စေရန် အချက် (၁) ဖြစ်သော အရက်ကိုပုလင်း၏ လေးပုံသုံးပုံ သောက်လိုက်၏။ ဤတွင် သူဌေးကြီးသည် မူးပြီး မယားကိုရိုက်လေရာ မယားငိုလေ၏။ သားငယ်က မိခင်ငိုသည်ကို ကြားသဖြင့် မိခင်ဘက်မှဝင်ရောက်ကာကွယ်သောကြောင့် သူဌေးကြီးသည် သားငယ်ကို သတ်ပစ်လိုက်လေသည်။

နတ်သား၏ကတိအတိုင်း သူဌေးကြီးသည် အသက်ရှင်ပါ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သားချစ်သေ၍ ဇနီးတွင် ဒဏ်ရာရသော
ကြောင့် ဘဝတသက်ပျော်ရွှင်မှု မရှိတော့
ပေ။

စာကို ထိုနေရာတွင် ရပ်ထားလိုက်ပြီးနောက် တဖက်ပါ
အတိုင်း မှတ်ချက်လေး ထပ်ရေးထားသည်။



မှတ်ချက်။ ဤပုလင်းထဲရှိ အရက်အချိုးအစားသည်
ပုံပြင်ထဲရှိသူဌေးကြီးသောက်သော အရက်
၏ ထက်ဝက်ခန့် သာထည့်ထားပါသည်။
ပုလင်းထဲရှိ အရက်ကို ကုန်အောင် သောက်
၍ အမူးလွန်ပြီး သင်၏ချစ်ဇနီးကို ပြန်ရိုက်
လောက်အောင် စိတ်ရိုင်းမဝင်ပါ။ ထို့ပြင်
သားကိုလည်း သတ်ပစ်ချင်လောက်အောင်
မဖြစ်ပေါ်ပါ။
အိမ်ကို အေးအေးဆေးဆေးပြန်နိုင်ပြီး
ဘဝတစ်ခုလုံးပျော်ပျော်ရွှင်ရွှင် ဖြတ်သန်း
နိုင်ပါမည်။
ထို့ကြောင့် 'ကျော်စိန်' အရက်ကို စိတ်ချ
လက်ချ သောက်နိုင်ပါသည်။

ဟု ရေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ထိုသို့ရေးယည့် ဘားသောကြောင့် တစ်ချို့က လျော့သောက်သွားတာလည်းရှိသည်။

အရက်ရောင်းအားကိုတော့ အနည်းငယ်ထိခိုက်တာပေါ့။ ဒါပေမယ့် ကျော်စိန်မြို့က အရက်ထုတ်လုပ်တဲ့လူတွေက ရောင်းအားကို ဂရုမစိုက်ပါဘူး။

သူတို့ရဲ့အရက်ကိုသောက်ပြီးမြို့ထဲမှာ မူးရူးရမ်းကားနေလို့ မြို့လေးစိတ်ဆင်းရဲမှာကိုသာ သူတို့မလိုလားခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကျော်စိန်မြို့က ပျော်ရွှင်မှုရှိသည်။

ဒါက အရက်ရောင်းတဲ့ပုံစံကို ဥပမာ ပြောပြတာပါ။ အခြားအခြားတွေလည်း အများကြီးရှိပါသေးသည်။

❑



## (ဃ)

“ကျော်စိန်မြို့’ မှာ မြို့လူကြီးတစ်ဦးရှိသည်။ နာမည်က “ဦးဆိုတာ” ဟု ခေါ်သည်။ ရိုးသားသည်။ ဉာဏ်ရည်ထက်မြက်သည်။ မြို့၏ကိစ္စတော်တော်များများကို ‘ဦးဆိုတာ’ နှင့်အတူ မြို့အုပ်ချုပ်ရေးအဖွဲ့က ဖြေရှင်းရသည်။

ဦးဆိုတာကလည်း လူတစ်မျိုးဖြစ်သည်။ အခြား မြို့များထက် သူ့မြို့ကို သာအောင်လုပ်ချင်သည်။

အခြားမြို့များမှာက ‘ ဒုစရိုက်မှုဆိုတာ တကယ်တော့ မကောင်းမှုပါ’ စသည်ဖြင့် မြို့လုံခြုံရေးအတွက် သတိပေးစာတန်းများ ကပ်တတ်သည်။

ဒါကို ဦးဆိုတာက သူတို့မြို့က လုပ်ပြီးသားပုံစံတွေ မလုပ်ချင်ဘူးဟု ဆိုပြီး မြို့အုပ်ချုပ်ရေးအဖွဲ့နှင့် တိုင်ပင်ကာ စာတန်းသတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးစာများ လိုက်ကပ်၏။

ထိုအထဲက တစ်ခုကို ပြောရရင်စာတန်းတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

မှန်၏နောက်တွင် ငွေရောင်ခံလိုက်ပါ။ သင်၏ရုပ်ပုံကို မြင်ရလိမ့်မည်။ မှန်ကို မည်သည့်အရာမှမခံပဲ ကြည့်ပါ။ လောကကို အမှန်ပကတိအတိုင်း မြင်ရပါလိမ့်မည်။ ငွေခံသည့်အတွက် သင့်ကိုယ်သင်သာ မြင်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ငွေသည် ငါ့ကိုသာ မြင်စေကြောင်း သတိပြု သင့်ကြပေသည်။

စသည်စသည်ဖြင့် ထိုသို့သော ပုံစံမျိုးကို နေရာတိုင်းတွေ့ရသည်။ သူ့အဆိုကတော့ "သတိပြုမိအောင်လို့" ဟု ဆိုပါသည်။

ထိရောက်သည့် နည်းလမ်းဟု အားလုံးကလည်း လက်ခံထားသောကြောင့် ဦးဆိုတာတို့ကလည်း ဆက်လက်သုံးစွဲနေသည်။

ထိုသို့ဖြင့် ပေါက်ပေါက်ရှာရှာ လုပ်တတ်ကြသည်။ ဘာရယ်မဟုတ်ဘူး။ ပျော်လို့ဟုလည်း ဆိုကြသေးသည်။

❑



(၄)

နောက်ပြီးရှိသေးသည်။

'ကျော်စိန်မြို့' က ကလေးတစ်ယောက် အရွယ်ရောက်လာပြီဆိုရင်မြို့မှာ ရှိတဲ့တစ်ခုတည်းသော ကျောင်းကိုမဖြစ်မနေတတ်ရမည်။

အဲ့ဒီကျောင်းမှာက စာရေးခြင်း၊ စာဖတ်ခြင်း၊ စဉ်းစားတွေးခေါ်ခြင်းဆိုတဲ့ ကိစ္စတွေကို ဦးစားပေးသင်သည်။

နောက်ပိုင်းမှာသာ ကိုယ်လုပ်ချင်တဲ့၊ လေ့လာချင်တဲ့ ဘာသာရပ်ကို ရွေးချယ်ရသည်။ ဒီကျော်စိန်မြို့မှာက ချုပ်ချယ်မှုတွေ စည်းကမ်းချက်တွေရှိချင်မှ ရှိမယ်။ ဒီကျောင်းမှာတော့ ချုပ်ချယ်မှုတွေ မရှိဘူး။ လွတ်လပ်စွာ တွေးခေါ်နိုင်သည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် 'ကျော်စိန်မြို့' က ကလေးတစ်ယောက်ဟာ ပညာတွေ သင်ပြီးလို့အရွယ်ရောက်လာတဲ့အခါမှာ မြို့ကချ မှတ်ထားတဲ့ အလုပ်စည်းကမ်းကိုတော့ လိုက်နာရသည်။

ဘယ်လိုအလုပ်စည်းကမ်းမျိုးလဲ?

ဒီလိုပါ။

လူငယ်တစ်ယောက်ဟာ ကျောင်းပြီးသွားလို့ ကျော်စိန်မြို့မှာ သူ့အတွက် အလုပ်တစ်နေရာရှိပါက (ကိုယ်တိုင်ကလည်း စိတ်ဝင်စားမယ်ဆိုရင်) အလုပ်ဝင်လုပ်လို့ရပါသည်။ သို့သော် . . .

အလုပ်လစ်လပ်နေရာမရှိပါက သူ့အတွက် အလုပ်အကိုင်သစ်ကို ကိုယ်ကိုယ်တိုင်ဖန်တီးစဉ်းစားရပါမည်။

ရှုပ်သွားသည်ထင်၏။ သေချာလေးပြောပြပါမည်။

❑



## (၈)

ဒီမြို့မှာ သူ့အတွက် အလုပ်လစ်လပ်တဲ့နေရာမရှိဘူးဖြစ်နေလျှင် သူ့ကိုသူ့မိဘတွေက တင်ကျွေးထားရသည်။

ထိုအခါ အလုပ်မရှိလို့ အိမ်ကကျွေးထားရတယ်ဆိုပြီး ကျော်စိန်မြို့ထဲက ဘယ်နေရာကိုသွားသွား မျက်နှာငယ်ရသည်။

ဒီတော့ သူက သူလုပ်နိုင်သော (သို့) မြို့အတွက် အသုံးဝင်သောအလုပ်တစ်ခုကို စဉ်းစားရသည်။

စဉ်းစားလို့ပြီးသွားရင် ကျော်စိန်မြို့အုပ်ချုပ်ရေးမှာ တင်ပြရသည်။ ထိုအခါ ကျော်စိန်မြို့အုပ်ချုပ်ရေးက ထိုလူငယ်တင်ပြသော အကြောင်းအရာ၊ အလုပ်အကိုင်ကို စီစစ်ပြီး သူတို့မြို့အတွက် အကျိုးရှိ၊ မရှိ စီစစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် တင်ပြလာသော လူငယ်အားခေါ်တွေ့ပြီး သူ၏ အိုင်ဒီယာကို အင်တာဗျူးပြီး ကြိုက်နှစ်သက်ပါက ၎င်းအလုပ်အတွက် ကုန်ကျစရိတ် (သို့) လခကို မြို့အုပ်ချုပ်ရေးက ယာယီချပေးထားသည်။

အတိုးမဲ့ သဘောမျိုးဖြစ်၏။ အောင်မြင်ပါက ပြန်ဆပ်ရန်ဖြစ်ပြီး မအောင်မြင်ပါကလည်း ပြန်ဆပ်စရာမလိုဟူသော သဘောမျိုးလည်းဖြစ်သည်။

ဤနေရာတွင် ပြောစရာတစ်ခုတော့ရှိသည်။ တင်ပြလာသော လူငယ်၏အလုပ်ကို မြို့အုပ်ချုပ်ရေးက သဘောတူညီပြီး ထိုအလုပ်အကြောင်းကို မြို့သူ၊ မြို့သားများက ဝေဖန်ဆုံးဖြတ်ကြသည်။ အကောင်းအဆိုးအပြစ်တင်တတ်ကြသည်။

အရမ်းကြီးဆိုးဆိုးဝါးဝါး ဖြစ်နေပါက မြို့အုပ်ချုပ်ရေးအဖွဲ့က ပြန်စီစစ်ရသည်။

ဒါက မြို့ရဲ့ ဓလေ့ထုံးစံဖြစ်၏။

□



(ဆ)

အဲ့ဒီလူငယ်ဟာ အလုပ်ရပြီးလို့ နှစ်အနည်းငယ်လောက်ရောက်ရင် အိမ်က အဆင်သင့်သဘောတူထားတဲ့ အမျိုးသား၊ အမျိုးသမီးနဲ့ လက်ထပ်ရပါသည်။

ဆိုလိုတာက-

အချိန်တန် အရွယ်ရောက်ရင် အိမ်ကပေးစားတာကို ယူရသည်။ ပြီး . . . ကလေးမွေးပြီး အိမ်ထောင်တစ်ခုကို ထူထောင်ကြသည်။ အေးအေးချမ်းချမ်း နေထိုင်ကြသည်။

ဒါဟာ ကျော်စိန်မြို့က မြို့သူမြို့သားအားလုံး၏ ဓလေ့ထုံးစံလို့ ခေါ်ဆိုလို့ရနေသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

ချွင်းချက်တော့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်အရွယ်ရောက်ပေမယ့် အရွယ်မရောက်ခင် ကိုယ်တစ်ပိုင်းသေသွားတဲ့သူတွေ၊ ကျန်းမာရေးဆိုးဆိုးဝါးဝါး ဖြစ်နေတဲ့သူတွေကိုတော့ အိမ်ထောင်မပြုနိုင်းကြပေ။

အိမ်ထောင်ရေး ပျော်ရွှင်မှု မရှိနိုင်ဟု ယူဆကြသောကြောင့်ဖြစ်သည်။

❑



ထိုသို့ ... ထိုသို့သော ...

အကြောင်းအရာတွေရှိတဲ့

ကျော်စိန်မြို့လေးမှာ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့

လူငယ်တစ်ယောက်က အမှတ်မထင်

အလုပ်သစ်တစ်ခုကို တွေ့ရှိခြင်းမှ

စတင်လေသည်။

ထိုအလုပ်အသစ်သည်

ကျော်စိန်မြို့လေးအား

လှုပ်ခတ်၊ ပြောင်းလဲသွားစေနိုင်သော

အလုပ်သစ်တစ်ခုဖြစ်လာခဲ့သည်။

(၁)

"ဇော်က"

"ဗျာ"

"ဘယ်လဲကွ"

"လက်ဖက်ရည်ဆိုင် သွားမလို့"

"ဩော် . . . အေး၊ မင်း အခုအလုပ် ရတော့မလား"

"နေရာလပ်မရှိဘူး ဖြစ်နေတယ်"

"ဒါဆို . . . မင်း ဘာသာမင်း စဉ်းစားလုပ်ပေါ့"

ဟု ပြောပြီး ထွက်သွားလေသည်။

ဇော်ကလည်း ငူငူငိုင်ငိုင်နဲ့ ဆက်လျှောက်လာခဲ့သည်။

အလုပ်မရှိရင် 'ကျော်စိန်မြို့' မှာ သိပ်မျက်နှာငယ်ရသည်။

ဘယ်သူကစပြီး တီထွင်ခဲ့သည့် စည်းကမ်းလဲမသိ . . .။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း အခုမှ ကျောင်းပြီးခါစ ဖြစ်နေတာက ခက်သည်။ ရှေ့တွင် နောက်ထပ်တစ်ယောက်ကို ထပ်တွေ့ရပြန်သည်။

"ဇော်က"

"ခင်ဗျာ"

"မင်းဘာတွေလုပ်ဖို့ စဉ်းစားထားလဲ"

"အများတော့ အများကြီးပဲ"

ဟု စိတ်ပေါက်ပေါက်နှင့် လျှောက်ပြောလိုက်သည်။

ဤသို့ဖြင့် ထိုနှုတ်ဆက်သော သူလည်းသူ့လမ်းသူ ဆက်လျှောက်သွားလေသည်။

ဇော်ကလည်း ဆက်လျှောက်သွားရင်း အိမ်ရှေ့တစ်နေရာတွင် ကလေးတစ်ယောက် စာကျက်နေသည်ကို တွေ့ရသည်။

"သံတောင်"

သူကပဲ အနှုတ်ဆက်ခံနေရ၍ ဒီတစ်ခါတော့ သူကစတင်နှုတ်ဆက်လိုက်သည်။

"ဘာရဲဂျ"

ကလေးက မကြည်သလို ပြန်ကြည့်ပြီး ပြောသည်။

"အံမယ် . . . မင်းက စိတ်တိုနေတာလား"





"ဟုတ်ရယ်"

"ဘာဖြစ်လို့လဲကွ"

"ဖေကြီးပေါ့၊ စာကျက်ခိုင်းထားလို့"

"အာ . . . စာကတော့ ကျက်သင့်ရင်ကျက်ရမှာပေါ့"

"သားက မကျက်ချင်လို့မဟုတ်ပါဘူး၊ အခုဟာက ဒီစာက စိတ်ထဲကို မဝင်ကိုမဝင်ဖြစ်နေတယ်"

"ဘာစာကျက်နေတာလဲ"

သူလည်း စပ်စပ်စုစုနှင့် ကလေးဘေးနား ဝင်ထိုင်လိုက်သည်။

"အလီကျက်နေတာ"

"ကုလားစကားလားကွ"

"အာ . . . ဘာတွေပြောနေတာလဲ၊ ဂဏန်းသင်္ချာ အလီကို ပြောနေတာ"

"ဩော် . . . မသိပါဘူး၊ အလီဆိုလို့ ဟို အလီနဲ့မှားသွားတာ၊ ဘာလဲ . . အခု မင်းက ဘယ်အလီမှ မရသေးဘူးလား"

"ရတော့ ရနေပါပြီ၊ ကိုးအလီတစ်ခုပဲ ကျန်တော့တယ်"

"ဩော် . . . ဒါများကွာကျက်လိုက်ပေါ့ မြန်ပါတယ်"

ကလေးက ဇော်ကကို စောင်းငန်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် . . .

"နောက်ဆုံးအလီဖြစ်တဲ့ ကိုးအလ်မှာ စိတ်မဝင်စားတော့ တာ ခက်တယ်"

ဟု ဘုတောတောပြီးပြောသည်။

ဇော်ကလည်း ပျင်းလာသည်။

ထို့ကြောင့် သံတောင်အား -

"ဒါဆို . . . ငါနဲ့အတူ ကိုးအလီကျက်မယ်လေ"

"အာ . . . ဦးဇော်ကကြီးက ကိုးအလီရလို့လား"

"အံမယ် . . . ငါက ကျောင်းပြီးပြီးသားပါကွ၊ မင်းကလဲ"

"ဟုတ်သားပဲ၊ သားမေ့သွားလို့"

ဟု ဆိုပြီး သူ့စာအုပ်ကို ဇော်ကလက်ထဲသို့ ထိုးထည့်ပေး လိုက်သည်။ ပြီးနောက် . . . .

"ဒါဆိုလည်း အတူတူကျက်မယ်ဂျာ"

ဟုပြောလိုက်လေ၏။

❑



## (၂)

"မင်းကို ငါက ကိုးအလီကျက်တဲ့နည်းကို ပေးမယ်ဆိုရင် မင်းက ငါ့ကို ဘာပြန်ပေးမလဲ"

ဇော်က,က ရှုပ်ကိုခပ်တည်တည်လုပ်ကာ သံတောင်အား ပြောလိုက်သည်။ ဇော်ကစကားကြောင့် သံတောင်မှာ တွေဝေသွား သည်။ ဇော်ကပေးသည့်ကိုးအလီကျက်နည်းကိုလည်း ရချင်သည်။

သူ့မှာလည်း ဇော်ကကို ပြန်ပေးဖို့ ဘာမှမရှိဘူး ဖြစ်နေ သည်။ ထို့ကြောင့် ခေါင်းကိုကုတ်လိုက်ပြီး-

"စိတ်ညစ်တယ်ဂျာ၊ ဦးဇော်ကကို ပြန်ပေးဖို့ ဘာမှမရှိဘူး"

ဟု ပြောပြီး မျက်နှာမှုန်ကုတ်ကုတ်နှင့် ထိုင်နေလေသည်။

ဇော်ကလည်း တစ်ချက်ပြုံးလိုက်ပြီး . . .

"ရှိပါတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဘာရှိလို့လဲ"

သံတောင်က တွေးတွေးဆဆနှင့် ပြန်ပြောသည်။

"မင်း . . . ငါ အကူအညီလိုတဲ့ အချိန်ငါ့ကို ပြန်ကူညီပေါ့"

"ဘာကူညီရမှာလဲ"

"တစ်ခုခုပေါ့"

ဇော်က,ကလည်း ဘာရယ်မဟုတ်ပြောလိုက်ခြင်းဖြစ်သည်။ တန်ဖိုးထားစေချင်သောကြောင့် ဖြစ်သည်။

သံတောင်ကလည်း အနည်းငယ်စဉ်းစားလိုက်သည်။

"ဘယ်လိုလဲ"

ဇော်က,က ထပ်မေးလိုက်သည်။

"အင်းဂျာ၊ အဲ့ဒါ အဆိုးဘူး"

"ဒါဆို သဘောတူတယ်ပေါ့"

"တူတယ်"



## (၃)

"ငါ့နည်းက အစဉ်လိုက် မှတ်ရတဲ့နည်းကွ"

"ရပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ်"

"ဒါဆို ငါ့ကို စာရွက်နဲ့ခဲတံခဏပေး"

သံတောင်က သူ့ဘေးနားက စာအုပ်နဲ့ခဲတံကို ယူပြီး ဇော်ကကို ပေးလိုက်သည်။ ဇော်က,ကလည်း သံတောင်မြင်အောင် စာအုပ်ကို အနည်းငယ်နှိမ့်ချလိုက်ပြီး ကိုးအလီကို အဖြေမပါပဲရေးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

9 × 1 =

9 × 2 =

9 × 3 =

9 × 4 =

9 × 5 =

9 × 6 =

9 × 7 =

9 × 8 =

9 × 9 =

9 × 10 =







www.burmeseclassic.com

www.burmeseclassic.com

9 × 1 =

9 × 2 = 1

9 × 3 = 2

9 × 4 = 3

9 × 5 = 4

9 × 6 = 5

9 × 7 = 6

9 × 8 = 7

9 × 9 = 8

9 × 10 = 9



"တစ်နှစ်သုံးလေးကို ကိုးအထိ ဒီလိုအစဉ်အတိုင်း ရေးလိုက်"

"အင်း"

သံတောင်က လိုက်ကြည့်နေသည်။

"ပြီးတော့ . . . အောက်ကနေ အပေါ်ကိုပြန်ရေး"

ဖော်က ကပြောလည်းပြောရေးလည်းရေးချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| 9 x 1 | = | 9 |
| 9 x 2 | = | 18 |
| 9 x 3 | = | 27 |
| 9 x 4 | = | 36 |
| 9 x 5 | = | 45 |
| 9 x 6 | = | 54 |
| 9 x 7 | = | 63 |
| 9 x 8 | = | 72 |
| 9 x 9 | = | 81 |
| 9 x 10 | = | 90↑ |

❑



(၄)

"ဟာ . . . ဦးဇော်က နည်းကမိုက်တယ်ဗျ"

"အပဲ . . . ဟဲ"

သံတောင်မှာ ဇော်က၏အလီကျက်နည်းကို သဘောကျသွားသည်။

"ဦးဇော်က အကူအညီလိုရင်ပြော၊ သားကူညီမယ်"

သံတောင်က ဇော်ကလက်ထဲမှ စာအုပ်ကို ဆွဲယူလိုက်ပြီးပြောသည်။

"အေးပါကွ၊ ရပါတယ်"

"သားတကယ်ပြောတာနော်၊ ဦးဇော်က"

"အေးပါ၊ အေးပါ၊ ငါမှတ်ထားပါမယ်"

ဇော်ကလည်း ကလေးနားမှ ထထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တွင် သံတောင်၏အသံကို အော်ကြီးဟစ်ကျယ်ကြားလိုက်ရသည်။

“ဖေကြီး သား ကိုးအလီရပြီ”

❑



## (၅)

လက်ဖက်ရည်ဆိုင်ရောက်တော့ တော်ကီက သူ့ကို လက်ယပ်ခေါ်သည်။

“ဇော်က”

“လာပြီ ... လာပြီ၊ မင်းကို မြင်တယ်”

ဇော်က,က တော်ကီဆီသို့ တန်းမသွားပဲ စာအုပ်ဖတ်နေသော ဆိုင်ပိုင်ရှင် ကိုလုံးကြီးတင်ရှိရာကောင်တာဆီသို့ လျှောက်သွားလိုက်သည်။

“ကိုကြီးလုံးကြီးတင်”

“အေး ... ဘာလဲ”

“ဘာစာအုပ်တွေဖတ်နေတာလဲဗျ”

“ရှာနေတာကွ၊ ရှာနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ရှာနေသလဲ"

"အိမ်က ကျုပ်သားပေါ့ဗျာ"

"အင်း . . . ဘာဖြစ်လို့လဲ"

ဖော်က,ကကောင်တာပေါ်မှတင်ထားသော စာအုပ်များ ထဲမှ တစ်အုပ်ကို ခကောက်ကိုင်လိုက်ရင်း မေးလိုက်သည်။

"ဟို တစ်နေ့က သူကျောင်းကပြန်လာတော့ ငါ့ကိုမေး တယ်"

"ဘာမေးတာလဲ"

ကိုင်ထားသော စာအုပ်ကို ချလိုက်ပြီးနောက်တစ်အုပ်ကို ထဲမှကြည့်လိုက်သည်။ 'တိရစ္ဆာန်များ၏ သမိုင်းကြောင်း' ဆိုသည့် စာအုပ်ဖြစ်သည်။

"ဖေကြီးတဲ့"

"အင်း"

"ကြက်မတွေက သူတို့ဝပ်နေတဲ့ကြက်ဥထဲက ကြက် ကလေးတွေ ထွက်လာလိမ့်မယ်လို့ မျှော်လင့်ပြီးဝပ်နေတာလားတဲ့"

"အာ . . . ဒီကောင်ကလည်း ပေါက်ပေါက်ရှာရှာ၊ အဲ့ဒါ တော့ ကိုကြီးလုံးကြီးတင်က ဘာပြောလိုက်သလဲ"

စာအုပ်ကိုချလိုက်ပြီး ရေနွေးခွက်ကို ကောက်ယူလိုက် သည်။





"ငါလဲ ဘယ်သိမလဲ ဖော်ကရယ်၊ အဲ . . . ဒါပေမယ့် ကလေးကို ဘာတွေလာမေးနေတာလဲ၊ ဆိုပြီး ဟောက်လို့ မကောင်းဘူးလေ၊ ပြီးတော့ သူမေးတဲ့မေးခွန်းကလဲ စိတ်ဝင်စား စရာကွ"

"ဒီတော့ စာအုပ်တွေထဲမှာ လိုက်ရှာနေတယ်ပေါ့"

"အေး . . . ဟုတ်တယ်"

"တွေ့ပြီလား"

"ဘယ်ကသာ တွေ့ကရမှာလဲ၊ လူလည်းမျက်စိတွေ ညောင်းနေပြီ"

ဖော်က,က ရေနွေးကြမ်းအိုးနှင့် ရေနွေးခွက်ကိုယူကာ အဖျော်ဆရာသို့ သူသောက်နေကျအတိုင်း လှမ်းမှာလိုက်သေးသည်။ ပြီးနောက် လှည့်ထွက်ခါနီးတွင် . . .

"ကျွန်တော့်မှာ အဲဒီအကြောင်းပါတဲ့ စာအုပ်ရှိတယ်"

"ဟာ . . . ဖော်က တကယ်လား"

လုံးကြီးတင်မှာ ဝမ်းသာအားရဖြစ်သွားပြီး ဖတ်လက်စ စာအုပ်ကို ဘုန်းခနဲပစ်ချလိုက်၏။

"ဟေ့ကောင် မနောက်နဲ့နော်၊ တကယ်ရှိတာလား"

"ဩော် . . . တကယ်ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



ဖော်က,က တော်ကီရှိရာဝိုင်းသို့ ရေနွေးအိုးကြီးကိုင်ကာ ဝင်ထိုင်လိုက်၏။ လုံးကြီးတင်ကလည်း ဖော်ကနောက်မှ ပါလေသည်။

"ငါ့သားမေးတဲ့ မေးခွန်းကို မင်းသိသလားကွ"

"မမှတ်မိဘူး၊ နောက်မှပြောပြမယ်"

ထိုအချိန်တွင် ကောင်တာမှ ပိုက်ဆံရှင်းမယ်ဟု အော်လိုက်သောကြောင့် လုံးကြီးတင်မှာ အားမလိုအားမရပုံစံဖြင့် ထိုင်နေရာမှ ထလိုက်ပြီး . . .

"ဒါဆို နောက်နေ့ငါ့ကိုပြောပြကွာ၊ ငါ့သားက သိပ်သိချင်နေတာ"

"အင်းပါ"

လုံးကြီးတင်လည်း ဖော်ကစကားကို ကြားပြီးနောက် ကောင်တာဆီသို့ အပြေးကလေးသွားလိုက်သည်။ ဒါတောင် မမေ့နဲ့နော် ဟု ပြောသွားသေးသည်။

"ဘာတွေဖြစ်နေတာလဲ"

တော်ကီက အခုမှဝင်မေးရသည်။

ဖော်ကကလည်း အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"မင်းကတော့ လုပ်တော့မယ်"





ဟု ဆိုပြီး သူပြောနေကျစကားကိုပဲ ပြောလိုက်သည်။

ထို့နောက် တော်ကီက . . .

"ဖော်က"

"အေး . . . ဘာလဲ"

"မင်း အလုပ်ကိစ္စအတွက် စဉ်းစားပြီးပြီလား"

ဖော်က,ကခေါင်းခါပြလိုက်သည်။ မစဉ်းစားရသေးဘူးဆိုသည့် သဘောဖြစ်သည်။ ထို့နောက် . . .

"မင်းကရော"

ဟု ပြန်မေးလိုက်သည်။

တော်ကီက ခေါင်းတစ်ချက်ကုတ်လိုက်ပြီး . . .

"မရသေးပါဘူးကွာ၊ ငါတို့မြို့ကလည်း ငါတို့ ကျောင်းပြီးမှ အလုပ်တွေက ရှားလိုက်တာ၊ အခုလည်း ဘယ်နေရာသွားသွား မျက်နှာငယ်နေရတယ်၊ ပိုဆိုးတာက ကျောင်းပြီးတဲ့လူတွေထဲမှာ အလုပ်မလုပ်သေးတာဆိုလို့ ငါတို့နှစ်ယောက်ပဲ ရှိတော့တယ်"

"ဒါကတော့ကွာ ငါတို့က ရိုးရိုးအလုပ်တွေမှမလုပ်ချင်တာ ဒီတော့ဘယ်အဆင်ပြေမလဲကွာ"

"အေးလေ၊ အဲ့ဒီလိုနဲ့ပဲ ငါတို့ကျန်ခဲ့ဘာပေါ့"

တော်ကီက စိတ်ပျက်သံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကကတော့ အေးဆေးပါကွာဟု နှစ်သိမ့်လိုက်ပြီး လာချသော လက်ဖက်ရည်ခွက်ကို စိမ်ပြေနပြေ သောက်နေလိုက်သည်။

❑



(၆)

ကြာကြာထိုင်တော့ ဇော်ကပျင်းလာသည်။ စကားပြောဖော်ဆို၍ တော်ကီနှင့်သူနှင့် နှစ်ယောက်ပဲရှိသည်။

ဒီနေ့မှ ဆိုင်ကလည်း အတော်လေးကို လူရှင်းနေ၏။

"တော်ကီ"

တော်ကီက လမ်းမကို ငေးကြည့်နေရင်းမှ ထူးသည်။

"ဟေ . . . ဘာလဲ"

"ပျင်းစရာကြီးကွာ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်လုပ်ရအောင်"

"ဘယ်သွားမလို့လဲ၊ ဒီမှာ ထိုင်နေတာပဲကောင်းမယ်ထင်တယ်၊ တော်ကြာ လမ်းမှာတွေ့လို့ ဟိုလူ့အမေး ဒီလူ့အမေး ပြောနေရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်းပါကွာ၊ အပျင်းပြေပေါ့"

"ဟာ . . . နေပူတယ်၊ ဒီမှာပဲ နေခဲ့မယ်ကွာ"

ဘယ်လိုခေါ်ခေါ် မရတာကြောင့် ဇော်ကတစ်ယောက်တည်းထလိုက်သည်။ ထို့နောက် ကောင်တာဘက်သို့ လှမ်းပြီး . . .

"ကိုကြီးလုံးကြီးတင် ပိုက်ဆံဒီမှာ"

ဟု ပိုက်ဆံချပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ဆိုင်ရှင် လုံးကြီးတင်ကတော့ 'သူပြောတာမမေ့နဲ့ဦး' ဟု ဆိုပြီး အော်ဟစ်ကာ ကျန်ခဲ့လေသည်။

❑





(၇)

ပထမဆုံး စာကြည့်တိုက်ဘက်သွားရန် ပြင်လိုက်သည်။ စာကြည့်တိုက်မှာ အခုချိန်လောက်ဆိုရင် စကားပြောစရာလူတစ်ချို့နှင့် Chess ကစားနေကြသော လူအချို့ကို တွေ့နိုင်သည်ဟု စဉ်းစားမိသောကြောင့်ဖြစ်သည်။

ထိုစဉ် အခြားမြို့များနှင့် စာအုပ်များကူးချည်သန်းချည် ရောင်းဝယ်နေသော 'ကိုတင်ပါတယ်' ကို တွေ့လိုက်ရသည်။

ဇော်က,ဦးအောင် နှုတ်ဆက်လိုက်သည်။

"ကိုတင်ပါတယ်"

"ဟာ . . . ဇော်က ဘယ်လဲ"

"စာကြည့်တိုက်ကို သွားမလို့ . . . အံမယ်၊ ကိုတင်ပါတယ်ကြီးက လောလော . . . လောလောနဲ့ အလုပ်ရှုပ်နေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . အိမ်ကပေးစားတဲ့မိန်းမယူဖို့ အလုပ်ရှုပ်နေတာလေ"

ကိုတင်ပါတယ်နှင့် ဇော်ကမှာ လမ်း၌မတ်တတ်ရပ် ပြောနေကြခြင်းဖြစ်သည်။

"ပျော်နေတယ်ပေါ့"

"ပျော်တယ်လို့တော့ မဟုတ်ပါဘူး၊ အချိန်တန်တော့လည်း မယူမဖြစ်ပေါ့ကွာ"

"ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်"

"သွားလိုက်ဦးမယ်ကွာ၊ နောက်မှ တွေ့မယ်"

"ဟုတ်ကဲ့"

ကိုတင်ပါတယ်က ဇော်ကကို နှုတ်ဆက်ပြီး သုတ်သုတ်သုတ်သုတ်နှင့် ထွက်သွားသည်။

ဇော်က,ကလည်း လမ်းဆက်လျှောက်လာခဲ့သည်။

ဤတွင် ထမင်းကြော်ဆိုင်ဖွင့်ထားတဲ့ ကိုပူချစ်နှင့် သူ့မိန်းမတို့ အခြေအတင်ဖြစ်ပျက်နေသည့် အဖြစ်အပျက်ကို တွေ့လိုက်ရပြန်သည်။ ကိုပူချစ်က ငါးမျှားနေခြင်းဖြစ်ပြီး သူ့မိန်းမက နောက်ကရောက်လာ ခြင်းဖြစ်သည်။

"ကိုပူချစ်"





"ဘာတုန်း"

ကိုပူချစ်က ငါးမျှားနေရင်းမှ ပြန်ပြောသည်။

"ဒီမှာ ရှင်မတွေ့ဘူးလား"

ကိုပူချစ် မိန်းမက ဘေးနားရှိ ဆိုင်းဘုတ်တစ်ခုကို လက်ညှိုးထိုးပြီးပြသည်။

"ဘာကိုငါကတွေ့ရမှာလဲ"

"ဒီမှာ . . . ဒီမှာ၊ ဒီဘက်လည်းလှည့်ကြည့်ဦး"

ကိုပူချစ်က လှည့်ကြည့်သည်။

**ငါးမမျှားရ**

ဟူသည့် ဆိုင်းဘုတ်ကို တွေ့ရသည်။

"အဲဒါဘာဖြစ်လဲ"

ထိုစကားကြောင့် ကိုပူချစ်မိန်းမက တင်းသွားပုံရသည်။

"ငါးမမျှားရလို့ ရေးထားတာကို ရှင်က ငါးမျှားနေလို့ ပြောတာ၊ တော်ကြာ ဦးဆိုတာ သိလို့ အရေးယူခံနေရဦးမယ်"

ကိုပူချစ်ကတော့ အေးဆေးပါပဲ။

"အခု ငါကရော ဘာလုပ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ရှင် ငါးမျှားနေတာလေ၊ ဘာတွေ ကြောင်နေတာလဲ"

"ငါက ငါးမျှားနေတာ မဟုတ်ဘူးကွ"

"ဒါဆို ရှင်က အခုဘာလုပ်နေတာလဲ"

"တီကောင်ကို ရေစိမ်နေတာ"

သူ့မိန်းမမှာ ကြောင်တောင်တောင် ဖြစ်သွားသည်။ ဇော်ကလည်း သူတို့အဖြစ်အပျက်ကို စိတ်ဝင်စားသွားသောကြောင့် အကွယ် တစ်ခုမှနေ၍ နားထောင်နေလိုက်သည်။

"ဒါကတော့ ရှင်က စကားကို ကတ်သီးကတ်သတ်ပြောတာပဲ"

"မင်းလဲ ဘာထူးလဲကွ"

"ဘာရှင့် . . . ကျွန်မက ဘာဖြစ်နေလို့လဲ"

"ဟိုတစ်နေ့က ငါက ထမင်းကြော်ဆိုင် ဆိုင်းဘုတ်ကို အခြားမြို့နဲ့မတူအောင်ရေးမယ်ဆိုတော့ ဘာဖြစ်တယ်လေး ညာဖြစ်တယ်လေးနဲ့လေ"

"ဩော် . . . အဲ့ဒါက ရှင်က ဟုတ်မှမဟုတ်ပဲနဲ့၊ **ထမင်းကြော်ဆိုင်**လို့ ရေးရမယ့်စာကို ရှင်က **ထမော်ကျင်းဆိုင်**လို့ ပြောင်းရေးမယ်ဆို၊ ပြီးတော့ **ဟင်းစုံရပြီ**ဆိုတာကို **ဟုံစင်းရပြီ**လို့ ပြောင်းရေးမယ်လို့ ပြောတာကိုး"





"ဟ . . . အဲ့ဒါစတိုင်ကွ"

"ဘာစတိုင်လဲ စာတွေပြောင်းပြန်ရေးတော့ ဆိုင်လည်းပြောင်းပြန်ဖြစ်တော့မပေါ့"

"ဟာ . . . မင်းတို့ မိန်းမတွေကလေ . . ."

ဟု ဆိုပြီးကိုပုချစ်၏ စကားသံများကိုသာ အဆက်မပြတ်ကြားနေရတော့သည်။ ဇော်ကလည်း ဆက်နားမထောင်တော့ပဲ လှည့်ထွက်လာခဲ့သည်။

ဤတွင် ခပ်လှမ်းလှမ်းဆီမှ မင်္ဂလာဆောင် သံကြားလိုက်ရသည်။ ဘယ်သူ့မင်္ဂလာဆောင်ပါလိမ့်ဟု တွေးရင်း မင်္ဂလာဆောင်မဏ္ဍပ်ဆီသို့ လှမ်းသွားလိုက်သည်။

## မောင်ပြအုန်းလေးနှင့် မဝင်းမွှတ် တို့၏ မင်္ဂလာညှော်ခံပွဲ

မဏ္ဍပ်အဝင်တွင် မင်္ဂလာမောင်နှံက ကြွရောက်လာသောသူများကို ပြုံးပြုံး ပြုံးပြုံးနှင့် နှုတ်ဆက်နေသည်ကို တွေ့ရသည်။

"ဟာ . . . ကိုပြ၊ မင်္ဂလာဆောင်တာ ကျွန်တော်လည်း မသိပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေကို ဖိတ်စာပေးခဲ့တယ်လေ"

"ကျွန်တော်မသိဘူး"

"မင်းအမေတောင်အထဲမှာ ရောက်နေတယ်၊ ဝင်စားသွားဦးလေ ဇော်က"

"အင်းလေ ... ခဏဝင်ရတာပေါ့"

မဏ္ဍပ်ထဲသို့ ဇော်က ဝင်လိုက်သည်။ သိပ်မရှာလိုက်ရပါ။ အစွန်ဆုံးဝိုင်းတစ်ဝိုင်းတွင် မြို့လူကြီးဦးဆိုတာတို့နှင့် အတူထိုင်နေသော သူ့အမေ ဒေါ်ကြီးကြီးငယ်ကို တွေ့လိုက်ရသည်။

"အမေ"

လှမ်းခေါ်ရင်း ဝင်ထိုင်လိုက်သည်။

"ဘာလဲ"

"သားကို ဘာဖြစ်လို့ ကိုပြမင်္ဂလာဆောင်ရှိတယ်လို့ မပြောတာလဲ"

"ဪ ... နင်က တစ်နေ့ကုန်လျှောက်သွားနေတာကိုး ငါက ဘယ်လိုပြောမလဲ"

ဇော်ကလည်း ဟုတ်နေ၍ ဘာမှမပြောပဲ နေလိုက်သည်။ ဦးဆိုတာက ဇော်ကကို ကြည့်လိုက်ပြီး -

"ဇော်က ... မင်းအလုပ်အတွက် ဘယ်လိုလဲကွ"

ဟု ဝင်မေးသည်။





ဇော်ကလည်း ဖြေနေကျအတိုင်းပြန်ဖြေလိုက်ရသည်။

"တွေ့တော့မှာပါ၊ ပြီးရင် ကျွန်တော်ရုံးကို လာတင်မယ်လေ"

"အလုပ်နှစ်ခုတော့ရှိတယ်"

"ဘာအလုပ်လဲ ဦးဆို"

"ရိုးရိုးသာမန်အလုပ်လေးပါ၊ မင်းစိတ်ဝင်စားရင်ပြောလေ"

ဇော်ကကခေါင်းခါပြလိုက်သည်။ ထို့နောက် ဦးဆိုတာက ဘေးဝိုင်းကို စကားလှမ်းပြောနေ၍ စကားစပြတ်သွားသည်။

ဇော်ကလည်း သူ့ရှေ့ကမုန့်အနည်းငယ်စားလိုက်ပြီး မဏ္ဍပ်အတွင်း၌ ဟိုဟိုဒီဒီလျှောက်ကြည့်နေလိုက်သည်။ ကြည့်ရင်းကြည့်နဲ့ ဇော်က၏အကြည့်များက သတို့သားနှင့် သတို့သမီးဆီသို့ ရောက်သွားသည်။

ကျော်စိန်မြို့၏ ထုံးစံအတိုင်း မိဘပေးစား၍ လက်ထပ်ရသောစုံတွဲဖြစ်သည်။

ကိုပြကိုကြည့်လိုက်တော့ ဟိုလူ့လိုက်ပြုံးပြ ဒီလူ့လိုက်ပြုံးပြနှင့် တွေ့ရသည်။ သို့သော် သူ၏အပြုံးက တစ်မျိုးဖြစ်နေသည်ဟု ဇော်က ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာအပြုံးမျိုးလဲ ?

ဒီအချိန်မှာ သူပျော်နေလား ?

သတို့သမီးကရော ?

သူလည်းပဲ ပျော်နေသည်ဟု ထင်ရပါသည်။

ထင်ရသည်ဟု ဘာကြောင့်သူ့စိတ်ထဲမှာ ခံစားနေရသနည်း။ ဇော်က အတွေးတို့ ရှုပ်ထွေးလာသည်။

ပြီးတော့ ဒီမင်္ဂလာ ဆောင် မဏ္ဍပ်မှာလည်း မွန်းကျပ်သလို ခံစားနေရသည်။ သတို့ သားနှင့် သတို့သမီးက တစ်ခုခု လိုနေသလား ?

အဲ့ဒါဘာလဲ ?

သူမသိချေ ?

သူလည်းပဲ သိပ်မကြာသောအချိန်တွင် ဒီလိုပွဲမျိုး ဆင်နွှဲရဦးမည်။

သူလည်း သူတို့လိုပြုံးပြရမှာလား ?

ခေါင်းကို ခါရမ်းလိုက်သည်။ ဘေးနားက တီးတိုးတီးတိုး စကားသံကြောင့်လည်း အတွေးတို့ပြတ်သွားသည်။

"ဟဲ့ . . . မစိန်ဝင်းရဲ့သမီးနဲ့မတင်မရဲ့သားတို့က လက်ထပ်ဖို့ပြောပြီးသွားပြီဆို"





"အေးလေ . . . သူတို့က လက်ထပ်ရမယ့်အချိန်ရောက်နေပြီလေ၊ ဒီတော့ အမေတွေက စီစဉ်ရတာပေါ့"

"ဘာပဲဖြစ်ဖြစ် ငါ့သားလည်း အရွယ်မရောက်သေးလို့၊ အရွယ်ရောက်ရင် ငါမျက်စိကျတဲ့ ကောင်မလေးကိုရွေးရဦးမယ်"

ဇော်ကထိုင်နေရာမှ ထလိုက်သည်။

မဏ္ဍပ်အပြင်ကို အတင်းပြေးထွက်ချင်နေမိသည်။

"ဟဲ့ . . . သားပြန်တော့မလို့လား"

"စာကြည့်တိုက်ဘက် ခဏသွားမလို့"

"ဪ . . . အေး၊ အိမ်ပြန်ညဉ့်နက်မနေနဲ့ဦး"

ခေါင်းငြိမ့်ပြလိုက်ပြီး မဏ္ဍပ်အပြင်သို့ ထွက်လာခဲ့လိုက်သည်။

"ဟူး"

သက်ပြင်းပူပူကြီးကို ချလိုက်ရင်း သူ့စိတ်ထဲမှာ တစ်ခုခုကို တွေးမိလိုက်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## (၈)

စာကြည့်တိုက်ထဲရောက်တော့ လူအများကြီးကိုတွေ့ရသည်။ တစ်ချို့က စာအုပ်ဖတ်နေပြီး တစ်ချို့ကတော့ chess ထိုးနေသည်။

ဇော်ကာ၏ခြေလှမ်းများက မည်သည့်ဘက်မှ ဦးမတည်တော့ဘဲ စာကြည့်တိုက်ကောင်တာစီသို့သာ ဦးတည်လိုက်သည်။

"မတင်ဘု"

ကောင်တာက အမကြီး၏နာမည်ကို ခေါ်လိုက်သည်။ မတင်ဘုက စာရင်းမှတ်နေရင်းမှ မော့ကြည့်သည်။

"အံမယ် . . . ဇော်ကာပါလား၊ ဘာကိစ္စလဲ"

"ကျော်စိန်မြို့ သမိုင်းကြောင်းနှင့် ကျော်စိန်မြို့ဥပဒေဆိုတဲ့ စာအုပ်လိုချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ရှိတယ်၊ ခဏစောင့်"

မတင်ဘုက ကောင်တာအနောက်ဖက်သို့ ဝင်သွားသည်။ ခဏအကြာတွင် စာအုပ်ကြီးတစ်အုပ်ကိုင်ပြီး ပြန်ထွက်လာသည်။

"ငှားတဲ့လူသိပ်မရှိတော့ ဖုန်တက်နေတယ် ဇော်ကရေ . . . ဒီမှာ"

ဟု ဆိုပြီ ဖုန်အနည်းငယ်တက်နေသော စာအုပ်အထူတစ်အုပ်ကို ထုတ်ပေးလေသည်။ အဖုံးတွင် -

| |
|---|
| ကျော်စိန်မြို့ သမိုင်းကြောင်းနှင့် ကျော်စိန်မြို့ဥပဒေ |

ဟူသော စာတန်းကို တွေ့လိုက်ရသည်။

"မတင်ဘု လက်က ဘာဖြစ်နေတာလဲ"

မတင်ဘုလက် အနည်းငယ်ရောင်နေတာကိုကြည့်ပြီး ဇော်က က မေးလိုက်သည်။

"မသိပါဘူးဟယ်။ ညည်ကိုက်နေတာပဲ" ဟု ငြီးငြူပြီး ပြောသည်။

"ဆေးလေး ဘာလေး လိမ်းပါဦးလား"

"ဘာဆေးလိမ်းရမှန်း မသိလို့ပေါ့ဟဲ့"





ဟုဆိုပြီး သူ့အလုပ်သူ ဆက်လုပ်နေလေသည်။

ဇော်ကလည်း ဆက်မမေးတော့ပဲ ချောင်ကျသော နေရာတစ်ခုကို ရွေးလိုက်သည်။ ထို့နောက် စာအုပ်ကို စတင် လှန်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## (၉)

အချိန်အတော်ကြာသွားသည်အထိ စာအုပ်ကို ဖတ်နေမိသည်။ ဖတ်ရင်းဖတ်ရင်းနှင့်ပင် သူမသိသေးသည့်အကြောင်းအရာများ၊ အဖြစ်အပျက်များနှင့်မြို့၏ စည်းကမ်းအချို့ကို မတောင်မကျ ဖြစ်နေမိသည်။

ထို့ကြောင့် စာအုပ်ကို ခဏပိတ်ထားပြီး ကောင်တာဆီသို့ သွားလိုက်ပြန်သည်။

"မတင်ဘု"

"ဟဲ့ . . . စာအုပ်ပြီးတာ မြန်လှချည်လား"

"မပြီးသေးဘူး၊ စာအုပ်တစ်အုပ်ထပ်လိုချင်သေးလို့"

"ဪ . . . ဘာစာအုပ်လဲ"

"အခြားမြို့များ၏ သမိုင်းကြောင်းနှင့်လုပ်ငန်းဆိုင်ဥပဒေများ စာအုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အဲ့ဒီစာအုပ်က တော်တော့်ကိုကြာနေပြီ ပြန်ရှာရဦးမှာ"

"ရှာပေးပါလား အမရယ်"

"အရေးကြီးလို့လား"

"ကြီးတယ် . . . အမ၊ ကြီးတယ်"

မတင်ဘုမှာ 'ကြီးတယ်' ဆို၍ ရှာပေးရမည့် တာဝန်ရှိလာသောကြောင့် . . .

"နင့်နေရာမှာပဲ သွားထိုင်နေလေ၊ ငါလာပေးမယ်"

"ဟုတ်ကဲ့"

ခုနနေရာကို သွားပြန်ထိုင်လိုက်ပြီး ကျော်စိန်မြို့သမိုင်းကြောင်းနှင့် ကျော်စိန်မြို့ဥပဒေများ စာအုပ်ကိုပဲပြန်ဖတ်နေလိုက်သည်။

နာရီအတော်ကြာမှသာ မတင်ဘု ရောက်လာပြီး-

"ရော့ . . . ရော့ ဒီမှာ၊ တကတည်းရှာလိုက်ရတာ"

ဟု ပွစိ ပွစိ ပြောပြီး တော်တော်ကြီးဟောင်းနေသော စာအုပ်ကြီးတစ်အုပ်ကို လာပေးလေသည်။

□



ကျော်စိန်မြို့သမိုင်းကြောင်းနှင့် ကျော်စိန်မြို့ဥပဒေ

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

အခြားမြို့များ၏ သမိုင်းကြောင်းနှင့် ၎င်းတို့၏ ဥပဒေများ

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

စာအုပ်နှစ်အုပ်အား အပြန်အလှန်ဖတ်ရှုပြီးချိန်တွင် စာကြည့်တိုက်လည်း ပိတ်နေပြီဖြစ်သည်။

မတင်ဘုနှင့်အခြားနှစ်ယောက်မှာ စာအုပ်များကို သေသေသပ်သပ်ပြန်စီနေသည်ကို တွေ့ရလေသည်။ ဇော်ကသည် ခန္ဓာကိုယ်အား လေးတီလေးတန်ပုံစံဖြင့် ထလိုက်သည်။ သူ့စိတ်တို့သည် လေးလံနေ၏။

"မတင်ဘု"

"ဟေ . . . ဘာလဲ၊ ဇော်က"

"ကျွန်တော် ဒီစာအုပ်နှစ်အုပ်အိမ်ခဏယူသွားမလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး ၊ ငါမှတ်ထားလိုက်မယ်၊ ယူသွားလေ"

စာကြည့်တိုက် အပြင်ဘက်သို့ရောက်သောအခါတွင်

အေးမြသောလေအချို့ ဘုံကဲခတ်နေသည်။ ရန့်တချို့ကို ရှူရှိုက်

သွင်းလိုက်သည်။ လန်းဆန်းသလို ခံစားလိုက်ရသည်။ ထို့ပြင်

အတွေးတို့သည်လည်း နိုင်မာလာသလို ခံစားလာရသည်။

အသိစိတ်မဲ့၊ ဦးတည်ရာမဲ့ဖြင့် ခြေလှမ်းတို့အားလှမ်းလိုက်

သည်။ ခေါင်းကို ခါရမ်းလိုက်မိပြန်သည်။ သူစဉ်းစားမိသော ကိစ္စ

တစ်ခုကို အားလုံးက ငြင်းပယ်ကြလိမ့်မည်ဟုလည်း တွေးထားမိ

သောကြောင့် ဖြစ်သည်။

သူစဉ်းစားမိသော ကိစ္စသည် သူတို့မြို့လေးတွင် လိုအပ်

သောကိစ္စတစ်ခုဟုလည်း ယုံကြည်နေမိသည်။

လုံးတမ်းစဉ်လာများ၊ ဘောင်ခတ်ထားသော ပုံစံများဖြင့်

လည်ပတ်နေသည့် သူတို့မြို့လေးတွင် သူစဉ်းစားမိသော ကိစ္စက

အသုံးဝင်ပါ့မလား။ အားလုံးလက်ခံပါ့မလား။

ပြောရရင် တစ်မြို့လုံးလက်ခံပါ့မလား။

သို့သော် ဘာပဲပြောပြော စာကြည့်တိုက်က အပြန် အိမ်

ရောက်သောအခါတွင် ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

ထို့ကြောင့် အနီးတွင်ရှိနေသော ကျော်စိန်မြို့အုပ်ချုပ်ရေ





၏ အလုပ်အကြောင်းလျှောက်လွှာကို ယူလိုက်သည်။

ထို့နောက် စာအနည်းငယ်အား ချရေးလိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

သို့

ကျော်စိန်မြို့ အုပ်ချုပ်ရေးအဖွဲ့

အကြောင်းအရာ။ ။ အလုပ်သစ်အား ခွင့်ပြုနိုင်ပါရန် တင်ပြခြင်း။

ကျွန်တော်မှာ ကျော်စိန်မြို့သားတစ်ဦးဖြစ်ပြီး နာမည်မှာ ဇော်က ဖြစ်ပါသည်။ အမိမှာ ဒေါ်ကြီးကြီးငယ်ဖြစ်ပြီး အဖမှာ ကွယ်လွန်သွားပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်သည် ကျော်စိန်မြို့တွင် ကျောင်းပြီးသား လူတစ်ယောက်ဖြစ်နေသောကြောင့် ကျော်စိန်မြို့ အလုပ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောက်ပါအလုပ်အား လျှောက်ထားလိုပါသည်။

လေးစားစွာဖြင့်

ဇော်က

ကျွန်တော်တို့မြို့သမိုင်းတွင်
မည်သည့် အချိန်အခါမှ
အချစ်ဟူ၍ မရှိခဲ့ပါ။

အချစ်ဆိုတာ
ဘာလဲဟုလည်း
တစ်မြို့လုံး
မသိကြပါ။

ယုတ်စွအဆုံး
အချစ်ဆိုတာကို
ဘယ်သူမှလည်း
မကြားဖူးကြပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ရုံးခန်းထဲတွင် ဦးဆိုတာ၊ မြို့အုပ်ချုပ်ရေးအဖွဲ့ဝင်လေးယောက်နှင့်အတူ ဇော်က ထိုင်နေလေသည်။

ဦးဆိုတာက ဖိုင်ထဲကစာရွက်စာတမ်းအချို့ကို ဖတ်ကြည့်နေသည်။ ထို့နောက်မည်သည့် ဟန်ပန်မှမပြပဲ အခြားအဖွဲ့ဝင်လေးယောက်ကို လက်လွှဲလိုက်လေသည်။

အဖွဲ့ဝင်လေးယောက်ကလည်း တစ်ယောက်တစ်လှည့်စီဖတ်ကြသည်။ ဦးဆိုတာက ဇော်ကဘက်မျက်နှာမူလိုက်ပြီး-

"မင်းပြောတဲ့ ကိစ္စက လိုအပ်လို့လား ဇော်က၊ ပြီးတော့ ငါမရှင်းတာရှိသေးတယ်၊ မင်းထဲမှာ ရေးထားတဲ့ 'အချစ်' ဆိုတဲ့ အဓိပ္ပါယ်က ဘာလဲ" ဟု မေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်က, က ဦးဆိုတာကို တစ်ချက်ကြည့်လိုက်ပြီး အချစ်ဆိုတာ တကယ်တော့ ကျွန်တော်လည်း သေသေ ချာချာမသိသေးပါဘူး၊ လေ့လာနေတုန်းပါပဲ၊ ဒါပေမယ့် ကျွန်တော် သိတာတော့ လူငယ်ကောင်လေးတစ်ယောက်က အခြား ကောင်မလေး တစ်ယောက်ကို ကြိုက်နှစ်သက်တယ်၊ အဲ့ဒီကောင်မလေးကလည်း ကောင်လေးကို ပြန်ကြိုက်တယ်၊ ဒါကို အပြန်အလှန်ချစ်တယ် လို့တော့ ယာယီသိထားပါတယ်"

"ထားပါတော့လေ တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်ချစ်ကြတယ်၊ အဲ့ဒီတော့ ငါတို့မြို့အတွက် ဘာထူးမှာလဲ"

"အဲ့ဒီလို သူတို့နှစ်ယောက်ချစ်ကြိုက်သွားရင် နှစ်ဦးသဘောတူ လက်ထပ်လို့ရပါတယ်"

"ဘာ"

ဦးဆိုတာအပါအဝင် ကျန်တဲ့လူများမှာ ထိတ်လန့်အံ့သြသွားသည်။

"အဲ့ဒါ မဖြစ်နိုင်ဘူးထင်တယ် မောင်ဇော်က"

အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ယောက်က ဝင်ပြောသည်။

"ဘာများမဖြစ်လို့လဲ ခင်ဗျာ"

"ဒါဟာ ငါတို့မြို့ရဲ့ဓလေ့တုံးစံမဟုတ်ဘူးကွ၊ အခုလည်း အရွယ်ရောက်ရင် မိဘကအိမ်ထောင်ချပေးဖို့ စီစဉ်နေတာပဲလေ"





ဇော်က, က ခေါင်းတချက်ရမ်းလိုက်ပြီး -

"အဲ့ဒီလို လက်ထပ်တဲ့အခါမှာ တစ်ဦးနဲ့တစ်ဦး မကြိုက်ကြတဲ့အတွက် လက်ထပ်တဲ့သတို့သားရော၊ သတို့သမီးရော မပျော်ရွှင်ကြဘူးလေ"

"ဒါမလိုဘူးလေ၊သူတို့ အိမ်ထောင်ရေးသာယာရင်ပြီးတာပဲ"

"သူတို့တစ်ယောက်နဲ့ တစ်ယောက်မကြိုက်ပဲ လက်ထပ်ထားတဲ့အတွက် အစစ်အမှန်သာယာတာမှ မဟုတ်ပဲ"

ဦးဆိုတာနှင့်အတူ ကျန်တဲ့လူများက ဘာမှမပြောနိုင်ပဲဖြစ်သွားကြသည်။ ဦးဆိုတာက သက်ပြင်းချလိုက်ပြီး-

"ဒီလိုဆို မင်းက ငါတို့မြို့မှာ ဘာလုပ်ချင်တာလဲ"

ရုံးခန်းတွင်း တိတ်ဆိတ်သွားသည်။

တိုက်ခတ်လာသော လေအေးသံမှလွဲ၍ မည်သည့်အသံမှ မကြားရတော့ချေ။

ဇော်ကက ထိုင်နေသည့်ခုံနှင့်ကျောအား အနည်းငယ်ခွာလိုက်ပြီး ဦးဆိုတာတို့ခုံနှင့် နီးအောင် ကိုယ်ခန္ဓာအားအနည်းငယ်စောင်းလိုက်သည်။

"ကျွန်တော်တို့လူငယ်တွေရဲ့ ဘဝတစ်လျှောက်ု်း စစ်မှန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ပျော်ရွှင်မှုမျိုးကို လိုချင်တယ်၊ ကျွန်တော်တို့က စက်ရုပ်တွေ လည်းမဟုတ်ကြပါဘူး၊ ဒီတော့ ကျွန်တော်တို့တွေ ဘဝအတွက်စစ်မှန်တဲ့ပျော်ရွှင်မှုရဖို့အတွက် အချစ်ကို လိုအပ်တယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ဒီမြို့မှာ အချစ်ရှိအောင်လုပ်ချင်ပါတယ်"

"မဖြစ်နိုင်ဘူး"

အုပ်ချုပ်ရေးအဖွဲ့ဝင် (၂) က ကန့်ကွက်သည်။ ကျန်အဖွဲ့ဝင်များ၏ တီးတိုးကန့်ကွက်သံများလည်း ထွက်လာသည်။

"ငါတို့တွေဟာ မိဘက ပေးတဲ့ဘဝနဲ့အိမ်ထောင်ရေးကို တစ်သက်လုံးနေသားကျလာတာ၊ မင်းက ငါတို့မြို့မှာ အချစ်ရှိအောင်လုပ်မယ်ဆိုရင်၊ ကိုးလိုးကန့်လန့်တွေဖြစ်လာနိုင်တယ်၊ ဟိုလူက ဟိုလူကို မကြိုက်နိုင်ဘူး၊ မိဘပေးစားတာ မယူချင်ဘူး၊ ပြီးတော့ ဖောက်ပြန်မှုတွေဖြစ်လာလိမ့်မယ်၊ မင်းပြောတဲ့ အချစ်ဆိုတာကြီးကို ကြားခံပစ္စည်းအနေနဲ့ မဟုတ်တာလုပ်ကြလိမ့်မယ်"

ဦးဆိုတာက သူပြောချင်တာကို တရစပ်ပြောသွားလေသည်။

ဇော်က,က ခေါင်းကို ခါရမ်းလိုက်သည်။

"ဦးဆိုနဲ့ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေကို ကျွန်တော်မေးခွန်းတစ်ခုလောက်မေးချင်ပါတယ်"





"ရပါတယ် မေးပါ"

အားလုံးမှာ ဇော်ကရဲ့ အမေးကို စိတ်ဝင်စားသွားကြသည်။ ဇော်ကက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး-

"ဦးတို့ရဲ့ဇနီးတွေနဲ့ ဦးတို့ အဆင်ပြေလား၊ ကျေနပ်မှုဖြစ်ကြလား၊ စိတ်ထဲမှာ သာယာမှုရှိရဲ့လား၊ ပျော်ရွှင်တယ်ဆိုရင်ရော ပျော်ရွှင်မှု အစစ်အမှန်ဖြစ်ရဲ့လား"

အခန်းတစ်ခန်းလုံးတိတ်ဆိတ်သွားသည်။ အသက်ရှူသံမှုင်းမှုင်းမျှအသံကိုသာ ကြားနေရသည်။ တစ်ယောက်ကို တစ်ယောက်လည်း အချင်းချင်း ပြန်ကြည့်မကြသည်။ ခဏအကြာတွင် ဦးဆိုတာက စားပွဲကိုတစ်ချက်ပုတ်လိုက်ပြီး နောက်ရက်မှ ဆက်ဆွေးနွေးမည်ဟုဆိုကာ ဆွေးနွေးမှုကို ရုတ်သိမ်းလိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ထုံစံအတိုင်း ဇော်ကာ၏ အချစ်အကြောင်း
အလုပ်သတင်းသည် တစ်မြို့လုံးသို့ ပျံ့နှံ့သွားသည်။

ဆွေးနွေးမှုမှတ်တမ်းကိုလည်း
အုပ်ချုပ်ရေးအဖွဲ့ရုံးတွင် ကပ်ထားသောကြောင့်
လူအများစိတ်ဝင်တစားလာရောက် ကြည့်ရှုကြသည်။
'အချစ်အကြောင်း' ကို မသိကြပေမယ့်
တီးတိုးတီးတိုးဖြင့် စုံစမ်းမှုများ လာကြသည်။

ပိုဆိုးသည်က
ကျော်စိန်မြို့ထဲတွင် အချစ်ကမြို့အတွက် လိုအပ်ကယ်
ဆိုသောသူနှင့် မလိုအပ်ဘူးဆိုသောသူ နှစ်ခြမ်းကွဲ
သွားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

စာကြည့်တိုက်ထဲသို့ လူတစ်ယောက်ဝင်လာသည်။

"မတင်ဘု . . . မတင်ဘု"

"ဘာလဲ"

"ဇော်ကပြောတဲ့ အချစ်ဆိုတဲ့အကြောင်းရေးထားတဲ့ စာအုပ်ရှိလား"

"လာပြန်ပြီနောက်တစ်ယောက်၊ မရှိဘူးဟေ့၊ မကြားတောင်မကြားဖူးဘူး၊ ဇော်က . . . ဇော်က၊ နင်သိပ်ဒုက္ခပေးတာပဲ၊ တစ်နေ့လုံး ဒါကိုပဲ ဖြေနေရတာပဲ"

လာမေးသောသူမှာ ခေါင်းကုတ်ပြီးပြန် ထွက်သွားသည်။

လူငယ်လေးပြန်ထွက်သွားသည်ကို ကြည့်ပြီးမတင်ဘုဘေးနားက အဒေါ်ကြီးတစ်ယောက်က မတင်ဘုကို စကားစလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မပေါင်ဘူ"

"ဘာလဲ . . . ကြီးကြီး"

"ဇော်ကပြောတဲ့ အချစ်ဆိုတဲ့ ဟာကြီးကို နင်ဘယ်လို သိလဲ"

ဟုဆိုပြီး ကြားဖူး မသိဖူးသော အကြောင်းကို ပြောဆိုရန်အတွက် ပြုံးဆင်လိုက်လေသည်။

ထိုအချိန်တွင် သက်ဖက်ရည်ဆိုင်တွင်လည်း ထိုအချစ်အကြောင်းကို ပဲပြောနေကြလေသည်။

"ဇော်ကပြောတာကတော့ ကိုယ်ကြိုက်တဲ့သူနဲ့ပဲလက်ထပ်ရမယ်တဲ့၊ ပြီးတော့ သူကပြောသေးတယ်၊ ကိုယ်ကြိုက်တဲ့သူကိုတွေ့မှ . . . အဲ . . . ချစ်တဲ့သူတဲ့"

"ကာတဲ့ . . . ရည်းစားစကားဆိုလား ဘာလားပြောရတယ်တဲ့"

"ရည်းစားစကားဆိုတာ ဘယ်လိုစကားမျိုးလဲကွ"

"အာ . . . ငါလည်း အစအဆုံးဘယ်သိမလဲ၊ ဇော်ကလာရင်မေးကွာ"

မေးတဲ့လူလည်း ပါးစပ်ပိတ်သွားသည်။ ဤနေရာတွင် နောက်တစ်ယောက်က ဝင်မေးပြန်၏။





"ကြိုက်တာချစ်တာတော့ ဟုတ်ပါပြီ၊ ငါတို့က တောင်မလေးတစ်ယောက်ကို ချစ်ကြောင်းကြိုက်ကြောင်း ဘယ်လိုမျိုးသိနိုင်လဲ"

"အာ . . . ဒါလည်း ဇော်ကလာမှမေးကွာ"

စသည့်တစ်ယောက်တစ်ပေါက်နှင့် တစ်မျိုးတစ်ဖုံ ပြောနေကြတော့သည်။

"ငါတို့ကသင့်တော်တာ စီစဉ်တာပဲ၊ သူတို့ကြိုက်တာယူလို့ရမလား၊ ငါတို့ရဲ့မိဘဆိုတဲ့ဟာက ဘယ်သွားထားမလဲ"

"ဟုတ်တယ်၊ ဇော်ကရဲ့ အချစ်ကိစ္စက ငါတို့မြို့အတွက် အသုံးမဝင်ဘူး၊ ဒီအတိုင်းပုံမှန်လည်ပတ်နေလို့လည်းဖြစ်တာပဲ"

စသည်ဖြင့် ထောက်ခံသူနှင့်မထောက်ခံသူများ ဖြစ်ပေါ်လာလေသည်။ နောက်တစ်ခုမှာ -

လက်ထပ်ခါနီး စုံတွဲများတွင် စိုးရိမ်စိတ်များနှင့်အတူ ဒွိဟများလည်းဖြစ်လာကြခြင်းပင်ဖြစ်သည်။

"အမေ"

"ဘာလဲ"

"အမေတို့စီစဉ်ထားတဲ့ ကောင်မလေးကို သားယူလို့ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ဟို . . . ဖော်က ပြောသလို တစ်ဦးနဲ့တစ်ဦး မကြိုက် . . . အဲ . . . မချစ်ကြရင် ဘယ့်နှယ့်လုပ်မလဲ၊ ပျော်ရွှင်မှုအစစ် ဖြစ်ပါ့မလား"

"ဘာ . . . လာပြန်ပြီ ဒီအချစ်၊ ငါတို့လည်း ဒီအတိုင်းပဲ ဝယ်သက်လုံးနေလာတာ၊ နင့်အဖေနဲ့ငါ့ကို ငါ့မိဘတွေက ပေးစားတယ်၊ ငါတို့မိသားစုဘဝက အေးဆေးပဲ၊ ပြီးတော့ နင့်ကိုမွေးတယ်၊ နင့်ညီမကိုမွေးတယ်၊ စီးပွားရေးလုပ်တယ်၊ ဒါပဲလေ . . . ဘယ်မှာ အချစ်လိုလို့လဲ"

သူ၏သားမှာ ဖက်ကလေးပုသွားသည်။ အမေကို မလွန်ဆန်နိုင်၍သာ စကားဆက်မပြောလိုက်ခြင်းဖြစ်သည်။ သူ့အမေ စကားကိုတော့ ဘဝမကျဖြစ်နေသေးသည်။

❑



ကောင်မလေးရေ
သူတို့မြို့မှာ
အချစ်မရှိဘူးတဲ့ . . .။
ဝယ်ဆားတဲ့
ကားလက်မှတ်တွေ
စုတ်ဖြဲလိုက်ရအောင် . . .။
သွားနေရင်
ကိုယ်တိုင်လည်း
အချစ်မဲ့နေဦးမယ် . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဇော်ကသည်လည်း သူ့အလုပ်ကိစ္စနှင့်ပတ်သက်ပြီး အိမ်တွင် အပြောခံနေရသည်။

"ဟင်း . . . အဲ့ဒါ အလုပ်လား ဇော်က"

သူ့အမေဒေါ်ကြီးကြီးငယ်က သူ့ကို ဇော်ကဟုပဲ ခေါ်လေ့ရှိသည်။

"အမေကလည်း . . . ဒါဟာ မြို့အတွက် အသုံးဝင်တဲ့ဟာပဲလေ၊ ကြိုက်ရင်မြို့က ရာထူးတစ်နေရာခန့်မှာပေါ့"

"ဘာမှအဓိပ္ပါယ်မရှိတဲ့အလုပ်၊ နင့်ကြောင့် အခုဒီမှာ အားလုံးဟိုတွေး ဒီတွေးနဲ့ဖြစ်နေကြပြီ"

ဇော်ကငြိမ်နေလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောလို့မရမှန်းသိသောကြောင့်သာ အိမ်အပြင်ကို ငေးကြည့်နေလိုက်သည်။

သစ်ရွက်ကြွေနေတာကို သူမြင်နေရသည်။ သူ့အမေ၏ ဗျစ်တောက်ဗျစ်တောက်အသံများကိုလည်း နားထဲတွင် တစ်ချက်တစ်ချက်ကြားနေရ၏။ ထိုစဉ် လေနုအေးက သူ့မျက်နှာကို ဝင်လှပ်သွားသည်။ အေးမြသွားသည်။

ကြည်နူးသလိုလို၊ စိတ်ထဲလန်းဆန်းသလိုလဲ ဖြစ်သွားမိသည်။ ထိုလေသည် ပန်းရနံ့အချို့ကို သယ်ဆောင်လာပုံရ၏။ မွှေးလိုက်တာ၊ ဘာပန်းလေးပါလိမ့် ဟု ဇော်ကစိတ်ထဲတွေးမိသည်။ ထိုအချိန်တွင် အိမ်ရှေ့မှ ဖြတ်သွားသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

သူ့ရင်၏ တစ်နေရာသည် တဒုတ်ဒုတ်နှင့် မြည်သွား၏။

❑



## (၁၄)

ဦးဆိုတာသည် အိမ်ရှေ့တွင် ခုံချကာ စိမ်ပြေနပြေ ထိုင်နေပြီး အတွေးနယ်ချဲ့နေလေသည်။

အိမ်နောက်ဖေးတွင် သူ၏ဇနီးမဒမ်ဆိုတာက ထမင်းဟင်းချက်နေသည်။ သူ့သားကတော့ အိမ်ထောင်ကျပြီးပြီဖြစ်၍ သီးသန့်နေနေ၏။ သူတွေးနေရသည့် ကိစ္စမှာ တစ်ခုတည်းရှိသည်။ ဇော်က၏ အချစ်ကိစ္စပင်ဖြစ်သည်။

"ဦးတို့ရဲ့ ဇနီးတွေနဲ့ဦးတို့အဆင်ပြေလား၊ ကျေနပ်မှုဖြစ်ကြလား၊ စိတ်ထဲမှာရော သာယာမှုရှိရဲ့လား၊ ပျော်ရွှင်တယ်ဆိုရင်ရော၊ ပျော်ရွှင်မှုအစစ်အမှန်ဖြစ်ရဲ့လား"

ဇော်က၏စကားသံကိုပဲ ကြားယောင်နေမိသည်။ ခေါင်းကို ခါရမ်းလိုက်သည်။ ဇော်ကပြောသောကိစ္စသည် သူတို့မြို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်သော ကိစ္စတစ်ခုဖြစ်သည်။ ထိုင်နေရာမှထလိုက်သည်။ ထို့နောက် သူ့မိန်းမရှိသော နောက်ဖေးဘက်သို့ တိတ်တဆိတ်လေး ဝင်သွားလိုက်သည်။ သူ့မိန်းမက တစ်ဖက်လှည့်ပြီး ဟင်းရွက်အချို့ ဆေးနေ၏။

သူ့မိန်းမနှင့်သူ ပေါင်းလာတာ နှစ်ပေါင်းတော်တော်ကြာပြီ ဖြစ်သည်။ ထိုနှစ်ကာလအတွင်းမှာ သူတကယ်ရော ပျော်ရွှင်ရဲ့လား။ သူမသိ . . .။

မသိဘူးဆိုတာထက် အဖြေကိုမစဉ်းစားချင်သောကြောင့် ဖြစ်သည်။ ဟုတ်ပါသည်။ သူ အဖြေကို မသိလျှင်သောကြောင့် ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ဆေးနေရာမှ သူ့မိန်းမက လှည့်ကြည့်သည်။

"ရှင်ဘာလုပ်နေတာလဲ"

"ဘာမှ မလုပ်ပါဘူး၊ ငါ ဘာကူညီပေးရမလဲလို့ပါ"

"ဒါဆို ဒါလေးနွှာပေး"

ဟု ဆိုပြီး ပန်ကန်လေးထိုးပေးလိုက်သည်။

ထိုခဏအတွင်းမှာပဲ ဦးဆိုတာ၏ စိတ်ထဲတွင် ဇော်က၏ အချစ်ကိစ္စမှာ သူတို့မြို့အတွက်မလိုအပ်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။

❑

အိပ်မက်အသစ်

**ဤသို့ဖြင့် နောက်ဆုံး အင်တာဗျူးနေ့သို့ ရောက်ရှိလာခဲ့သည်။**

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

ဒီတစ်ခါ ဆွေးနွေးပွဲမှာ ဦးဆိုတာ၊ ဇော်ကနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များပင် မဟုတ်တော့ပဲ စိတ်ဝင်စားသော မြို့သူမြို့သားတော်တော်များများလည်း တက်ရောက်နားထောင်ကြသည်။

ဦးဆိုတာက ဇော်ကကို ကြည့်လိုက်ပြီး -

"ဇော်က ဒီနေ့ဟာ မင်းတင်သွင်းတဲ့ အလုပ်ကို ဆုံးဖြတ်စစ်ဆေးမဲ့နေ့ဖြစ်တယ်"

ဟုပြောပြီး ဆွေးနွေးပွဲကို စတင်လိုက်သည်။

"ဟုတ်ကဲ့ပါ ဦးဆို"

ဇော်က, ကလည်း အေးအေးဆေးဆေးပဲ ပြန်ပြောသည်။

တစ်ခန်းလုံးတွင် ဦးဆိုတာအသံနှင့် ဇော်က အသံပဲကြားနေရသည်။ မြို့အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း ဦးဆိုတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြိတ်အနယ် ဆွေးနွေးထားပြီးပုံရသည်။ ဘာမှဝင်မပြောတော့ပဲ ဦးဆိုတာပြောနေသည်ကိုပဲ ငြိမ်ငြိမ်လေးကြည့်နေကြသည်။

"ဟိုတစ်နေ့က မင်းတင်သွင်းတဲ့ အလုပ်ကိစ္စကြောင့် ငါတို့မြို့လေးမှာ သို့လော သို့လောထင်ယောင်ထင်မှားတွေဖြစ်ပြီး ငါတို့ရဲ့ မလေ့ထုံးစံတွေကိုပါ အနည်းငယ်ထိခိုက်ရတယ်"

ဇော်ကက သက်ပြင်းချပြီး ခေါင်းငုံ့ထားလိုက်သည်။ ဦးဆိုတာက ဆက်ပြောသည်။

"ဒီအတွက် မင်းကိစ္စကြောင့် ငါတို့မြို့လေးမှာ အပြောင်းအလဲမဖြစ်ချင်ဘူး၊ နဂိုပုံမှန်အတိုင်းပဲရှိစေချင်တယ်၊ မင်းတင်သွင်းထားတဲ့ ကိစ္စ (သို့) အချစ်ဆိုတဲ့အရာဟာလည်း ငါတို့မြို့မှာ မလိုအပ်ဘူးလို့ထင်တယ်၊ ဒါ့ကြောင့် မင်းတင်သွင်းတဲ့ အလုပ်ကိုလည်း မဖြစ်နိုင်ဘူးလို့ ငါတို့ဆုံးဖြတ်လိုက်တယ်"

ပရိသတ်ထဲမှ အသံများထွက်ပေါ်လာသည်။ ထောက်ခံသူနှင့် မထောက်ခံသူများ၏အသံများ ဖြစ်သည်။ ဦးဆိုတာက လက်တစ်ဖက် မြှောက်လိုက်သည်။ "အားလုံးငြိမ်" ဆိုသည့် သဘောဖြစ်သည်။ ဦးဆိုတာ၏ဟန်ပန်ကြောင့် အားလုံးငြိမ်သွားသည်။ ဇော်က ခေါင်းငုံ့နေရာမှ ဖြည်းဖြည်းချင်းမော့လာသည်။

"ဒီအချစ်ကိစ္စဟာ ဒီမြို့အတွက်လိုအပ်တယ်လို့ သက်သေ





ပြနိုင်ရင် လက်ခံလို့ရမလား"

ဇော်က၏ စကားကြောင့် အားလုံး တွေဝေသွားကြသည်။ ထိုအချိန်တွင် -

လက်ခံသင့်တယ်၊ လက်မခံသင့်ဘူး ဆိုသည့်ပရိသတ်ထဲမှ အသံများထွက်လာပြန်သည်။ ဦးဆိုတာက လက်တစ်ဖက်မြှောက်လိုက်ပြန်၏။ အားလုံးငြိမ်သက်သွားပြန်သည်။

"မဖြစ်နိုင်ဘူးဇော်က၊ မလိုအပ်ဘူးလို့ ဆုံးဖြတ်လိုက်တဲ့အတွက် သက်သေပြဖို့လည်း မလိုအပ်တော့ပါဘူး"

ဦးဆိုတာက သေချာရှင်းပြသည်။

ဇော်က, က လက်မခံပဲ -

"ကျော်စိန်မြို့ ဥပဒေစာအုပ်ရဲ့ အလုပ်အကြောင်းဆိုတဲ့အခန်းမှာ မြို့သူမြို့သားတစ်ယောက်ဟာ သူတင်လိုက်သောအလုပ်ကိစ္စအား မြို့အုပ်ချုပ်ရေးအဖွဲ့က ပယ်ချလိုက်ပါက ၎င်းကိုယ်စွမ်းကိုယ်စ (သို့) ငွေကြေးဖြင့် ကြိုးပမ်းခွင့်အား ယပ်မံပြုလုပ်နိုင်ပါသည်ဟု ပါပါတယ်"

ဟု ပြန်ဖြေရှင်းသည်။

ကြည့်နေသော ပရိသတ်များမှာ ဇော်ကစကားကြောင့်ပိုပြီး စိတ်ဝင်စားသွားကြသည်။ ဦးဆိုတာက မြို့အုပ်ချုပ်ရေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝင်များကို ကြည့်လိုက်သည်။ ထို့နောက် ခေါင်းချင်းဆိုင် တီးတိုး
တီးတိုးဖြင့် တိုင်ပင်ကြလေသည်။ ပြီးနောက် -

"အဲ့ဒီ ချွင်းချက်ပါကယ်ဆိုတာတော့ လက်ခံပါတယ်
ဇော်က၊ ဒါပေမယ့် ကျော်စိန်မြို့ဥပဒေစာအုပ်ရဲ့ ယဉ်ကျေးမှု
တဲ့အခန်းမှာ အလုပ်အသစ်တင်သွင်းသူရဲ့ အတွေးဟာ မြို့
ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကို ထိခိုက်မည်ဆိုပါက လက်ခံ၍မသ
ဆိုတာပါပါတယ်၊ ဒီတော့ မင်းကိစ္စဟာ မြို့ရဲ့ဓလေ့ထုံးစံ
တနည်းတစ်ဖုံ ထိခိုက်တယ်လို့ ယူဆတဲ့အတွက် လက်မခံခြ
ဖြစ်ပါတယ်။ နောက်ပြီး အလုပ်ဆိုတဲ့အခန်းရဲ့ နောက်ဆုံးအပိုဒ်မှ
ပါတဲ့ အုပ်ချုပ်ရေး အဖွဲ့ရဲ့ ပယ်ချလိုက်သောအလုပ် (သို့) ရာထူ
နေရာကို မည်သည့်ကိစ္စမျိုးနှင့်မှ သွယ်ဝိုက်၍မလုပ်ဆောင်ရ
မဖန်တီးရပါဆိုတာပါပါတယ်။ မောင်ဇော်က၊ ဒီတော့ . . . နော
အလုပ်သစ်တစ်ခုကိုပဲ ဆက်လက်ကြိုးစားစေချင်ပါတယ်"

ဦးဆိုတာ စကားကို ကြားလိုက်ရသောအခါတွင် -

ဇော်ကမှာ ပြောစရာစကား မရှိတော့ဟု ဆုံးဖြတ်လို
သည်။ ဦးဆိုတာကလည်း သူပြောပြောပြီးချင်း မတ်တပ်ထ
လိုက်သည်။ ကျန် အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း မတ်တပ်
လိုက်သည်။





အလုပ်ကိစ္စအတွက် ဆွေးနွေးမှု ပြီးသွားပြီဆိုသည့်
သဘောဖြစ်သည်။ ဇော်က လည်း ထိုင်နေရာမှ ထလိုက်လေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင်
ကျော်စိန်မြို့လေး၌ ပုံမှန်အတိုင်း
ပြန်ဖြစ်သွားလေတော့သည်။

လက်ထပ်တဲ့သူကလည်း လက်ထပ်၏၊
အလုပ်အသစ်လျှောက်တဲ့ လူကလည်း
အလုပ်အသစ်လျှောက်၏။

ထိုနည်းအတူ
ဇော်ကကလည်း အလုပ်အသစ်တစ်ခု
လျှောက်တာအလုပ်လုပ်နေပြီဖြစ်သည်။

ထိုသို့ဖြင့် ပုံမှန်အတိုင်း
ပြန်လည်ပတ်နေလေတော့သည်။
သို့သော် -

www.burmeseclassic.com

www.burmeseclassic.com

(၆) လခန့်ကြာသောအခါတွင်
ကျော်စိန်မြို့လေးအတွက်
ထူးဆန်းသည်ဟုထင်ရသော
အဖြစ်အပျက်လေးတစ်ခု ဖြစ်ပွားခဲ့လေသည်။

ဤသည်မှာ အိမ်ထောင်ရှင်အမျိုးသမီးလေးတ
သူ့ယောက်ျားအား
တွာရှင်းခွင့်တောင်းခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၁၆)

"ကွာရှင်းတယ်ဆိုတာ ငါတို့မြို့မှာ မရှိဘူး၊ ပြီးတော့ ငါတို့မြို့မှာ လက်ထပ်စာချုပ်ပဲရှိပြီး ကွာရှင်းစာချုပ်မရှိဘူး"

ဦးဆိုတာ၏ စကားကြောင့် အမျိုးသမီးသည် ရှိုက်ကြီးတငင်ငိုကြွေးလေတော့သည်။ ကြည့်ရှုနေသော ပရိသတ်များ၏ မျက်ဝန်းများသည်လည်း အရောင်လဲ့နေကြသည်။ သူတို့မြို့မှာ ကွာရှင်းခွင့်တောင်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သောကြောင့် လူအများစိတ်ဝင်စားစွာလာရောက်ကြည့်ရှုကြသည့် ကိစ္စတစ်ခုလည်း ဖြစ်သည်။

"ဘာကြောင့် ယောကျ်ားကို ကွာရှင်းချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မြို့အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးမေးလိုက်သော မေးခွန်းဖြစ်သည်။

အားလုံး၏အကြည့်များသည် ထိုမြို့အုပ်ချုပ်ရေးအဖွဲ့ဝင်ထံသို့ ရောက်ရှိသွားသည်။ ဦးဆိုတာကလည်း မေးခွန်းကို မနှစ်သက်သည့် ပုံစံဖြင့် တစ်ချက်ကြည့်လိုက်သည်။ သို့သော် မေးခွန်းက မေးပြီးသွားပြီဖြစ်သည်။

"ကျွန်မ သူ့ကို ဒီမြို့ရဲ့ဓလေ့ထုံးစံအရ မိဘပေးစားလို့ယူခဲ့ရပါတယ်"

"ဟုတ်ပြီ"

ထိုအုပ်ချုပ်ရေးအဖွဲ့ဝင်ကပဲ စကားထောက်ပေးသည်။

"ပထမတော့ ကျွန်မဟာ သူနဲ့နေရတာအဆင်ပြေတယ်၊ ပျော်ရွှင်တယ်လို့ ထင်ခဲ့မိပါတယ်၊ ဒါပေမယ့် အတော်ကြာကြာနေလာတဲ့အခါမှာ ကျွန်မစိတ်ဟာ မှုမှန်ပျော်ရွှင်မှုမဟုတ်ဘူးလို့ ထင်ခဲ့မိပါတယ်"

"ဘယ်လိုမှုမမှန် ပျော်ရွှင်မှုလဲ"

"သူနဲ့ရှိနေတဲ့အချိန်မှာ ကျွန်မစိတ်ထဲတင်းကျပ်နေပါတယ်၊ ဟန်ဆောင်ပြီးနေရတယ်လို့လည်း ခံစားရပါတယ်၊ ပြီးတော့ ပိုဆိုးတာက သူမရှိတဲ့အခါ (သို့) အချိန်တွေဆိုရင် ကျွန်မအရမ်းပျော်မိနေတာပါပဲ"





"ဟာ"

အားလုံးမှာ အံ့အားသင့်သွားသည်။ သူတို့မြို့မှာ ဒီလိုမျိုးပွင့်ပွင့်လင်းလင်း ပြောဆိုမှုမရှိသောကြောင့်ဖြစ်သည်။

ဒီအမျိုးသမီးရူးနေသလား ? ကိုယ့်ယောကျ်ားနဲ့နေရတာဘာကြောင့် မပျော်ရွှင်ရမှာလဲ ? သူမ လိမ်နေတာလား ?

စသည့်မေးခွန်းများသည် တစ်ယောက်တစ်ပေါက်နှင့် တီးတိုးထွက်လာလေသည်။

"မဖြစ်နိုင်ဘူးထင်တယ် မိန်းကလေး၊ ဒီမြို့က အိမ်ထောင်ရှင်အကုန်လုံးဟာ ဒီလိုပဲ မိဘပေးစားလို့ လက်ထပ်ခဲ့တယ်၊ အတူနေတယ်၊ ဒါပေမယ့် တစ်ခါမှ ကွာရှင်းတဲ့အထိမဖြစ်ခဲ့ကြဘူး၊မင်းလက်ထပ်တာ ဘယ်နှစ်နှစ်ရှိပြီလဲ"

"နှစ်နှစ်ရှိပါပြီ"

"ကလေးမရသေးဘူးပေါ့"

"မရသေးပါဘူး"

"ဒါကြောင့်မို့ပါ၊ ကလေးရသွားရင်လည်း မင်းကိစ္စလေးတွေဟာ ဘာမှမဟုတ်တော့ဘူးဆိုတာကို မင်း သိသွားပါလိမ့်မယ်"

"ကျွန်မ တစ်ခုလောက်ပြောချင်ပါတယ်"

"ပြောပါ"

"ကျွန်မ ယောကျ်ားနဲ့ အတူရှိနေတဲ့အချိန်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မပျော်ဘူး"

ပြီးတော့ ကျွန်မစိတ်ထဲမှာ တစ်ဦးတစ်ယောက်ကို သတိရနေသလိုဖြစ်နေတယ်၊ ပြီးတော့ အဲ့ဒီတစ်ဦးတစ်ယောက်နဲ့ တွေ့တဲ့အခါတွေဆိုရင် ကျွန်မ စိတ်ထဲမှာ တစ်မျိုးလေးဖြစ်နေတယ်၊ ကြည်နူးတယ်ဆိုတဲ့ စိတ်မျိုးလားမသိဘူး၊ အဲ့ဒါဘာကြောင့်ပါလဲ"

"ဟင်"

ခန်းမတစ်ခုလုံးတိတ်ဆိတ်သွားသည်။

BURMESE CLASSIC .com

အသက်ရှူသံ၊ မျက်လုံးပြူးပြီး စိုက်ကြည့်နေသည့် ဟန်ပန်များကို ကြည့်ခြင်းအားဖြင့်ကြောင့် လူအားလုံးထိတ်လန့်သွားကြပုံပေါက်သည်။

ဦးဆိုတာလည်း ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားသည်။ ထိုအချိန်တွင် သူ၏မျက်ဝန်းများသည် ပရိသတ်ထဲရှိ ဖော်ကဆီသို့ရောက်ရှိသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဖော်ကကလည်း ဦးဆိုတာကိုစိုက်ကြည့်နေချိန်ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ဝင်ကလည်း မေးခွန်းအချို့ဆက်မေးနေလေသည်။

"အဲ့ဒီတော့ အခုသမီးက ဘာဖြစ်ချင်လဲ"

"သမီး အမေအိမ်မှာ ပြန်နေချင်ပါတယ်"

မကျေနပ်သည့် အသံများ၊ ကန့်ကွက်သံများကြားလိုက်ရ





သည်။ မိန်းကလေး၏ယောကျ်ားနှင့်သူ၏ဆွေမျိုးများဖြစ်ပုံရသည်။

ဤအဖြစ်အပျက်သည် ဂေ့ျဘ်စိန်မြို့တွင် တစ်ခါမှမဖြစ်ပျက်ဖူးသောကြောင့် မြို့အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း မည်သို့ဆုံးဖြတ်ရမှန်းမသိဖြစ်နေကြသည်။

ထိုအချိန်တွင် -

"ဒီကိစ္စကို ကျွန်တော်သဘောမတူပါဘူး၊ ကျွန်တော်ကသူ့ရဲ့ တရားဝင်ယောကျ်ားဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ဆန္ဒသဘောမပါပဲနဲ့ သူဘယ်မှသွားခွင့်မရှိပါဘူး"

ဟုဆိုပြီး ယောကျ်ားတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။ ထို့အတူ -

အမျိုးသမီးလေး၏ ထိတ်လန့်သည့်ဟန်ကို အားလုံးကမြင်တွေ့လိုက်ရသည်။ သူ့ယောကျ်ားကတော့ မြို့အုပ်ချုပ်ရေးအဖွဲ့ကိုတွင်တွင်ကြီးငြင်းဆိုနေသည်ကို တွေ့ရသည်။

အမျိုးသမီးလေးကတော့ ငိုနေပြီ ဖြစ်သည်။ ဖော်က,ကတော့ မြင်ကွင်းကို မကြည့်ရက်နိုင်တော့သောကြောင့် ထိုင်နေရာမှထလိုက်သည်။

အပြင်သို့ထွက်လာပြီးသည့်တိုင် အမျိုးသမီးလေး၏ ငိုနေဟန်သည် သူ့ရင်ထဲတွင် ကပ်ပါလာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်မိသည်။ ရင်ထဲတွင်လည်း သူတို့မြို့မှာ တစ်ခုခုလိုနေသလို ခံစားရသည်။ ထိုခဏအတွင်းမှာပင် ဆုံးဖြတ်ချက် တစ်ခု ချလိုက်လေသည်။

❑





(၁၇)

'ကျော်စိန်မြို့' လက်ဖက်ရည်ဆိုင်အတွင်းသို့ လူစည်ကားသောညနေဘက်အချိန်တွင် ကလေးတစ်ယောက်ဝင်လာလေ၏။

"သံတောင် ဘာလာလုပ်တာလဲကွ"

ဝင်လာသော ကလေးကိုကြည့်ပြီး အနီးအနားရှိ လူကြီးတစ်ဦးက လှမ်းမေးလိုက်သည်။

"လက်ဖက်ရည်လာသောက်တာပေါ့ ဦးရဲ့"

သံတောင်က ပြောပြောဆိုဆိုနှင့် လူကြီးလိုလို ဘာလိုလိုဖြင့် နီးစပ်ရာခုံတွင် ဝင်ထိုင်လိုက်သည်။ ဆိုင်ရှင်လုံးကြီးတင်က သံတောင့်အနားသို့ သွားပြီ . . .

"အံမယ် . . . လူကြီးလာလုပ်တာပေါ့၊ မင်းအဖေ ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မတိဘူး၊ လက်ဖက်ရည်သောက်ချင်လို့၊ ချိုစိမ့်တစ်ခွက်လောက်"

"အေးပါကွာ အေးပါ"

သံတောင်၏ အပြုအမူကြောင့် အားလုံးမှာ ပြုံးစိပြုံးစိဖြစ်သွားကြသည်။

သံတောင်ကတော့ အေးဆေးပါပဲ။ လက်ထဲကပါလာသော အရုပ်ကို စားပွဲပေါ်မှာတင်ပြီး ကစားတောင်ကစားနေသေးသည်။

လူငယ်တစ်ဦးကလှမ်းစသည်။

"ဗျို့ . . . ကိုကြီးသံတောင်၊ စီးပွားရေးတွေ အဆင်ပြေလားဗျ"

"မပြေပါဘူးဂျာ၊ ဟိုတနေ့က စာမရလို့ဆိုပြီးအဖေက မုန့်ဖိုးဖြတ်ထားတယ်"

သံတောင်က လူကြီးလေးလိုပုံစံပြောနေသောကြောင့် အားလုံးမှာ ဝိုင်းရယ်နေကြသည်။ လုံးကြီးတင်က သံတောင်အတွက် လက်ဖက်ရည်လာချပေးသည်။ သံတောင်က တစ်ငုံသောက်လိုက်ပြီး . . .

"ဦးလုံး"

"ဟေ"





"တိတ်မချိုဘူး၊ ပြင်ပေးဦး"

"ဩော် . . . အေး၊ အေး"

ဟု ပြောပြီးလုံးကြီးတင်မှာ ရယ်ရယ်မောမောနှင့် ပြန်ပြင်ပေးလိုက်သည်။ တစ်ယောက်ကလည်း လှမ်းစပြန်သည်။

"ဟေ့ကောင် . . . မင်းကို အိမ်က ဘယ်တော့အိမ်ထောင်ပြုပေးမှာလဲကွ"

သံတောင်က ကစားစရာကို ခဏချထားလိုက်ပြီ-

"သားကငယ်သေးပါတယ်၊ ဦးဇော်ကတို့အရွယ်ရောက်ရင်တော့ မိန်းမတစ်ယောက်တော့ရမှာပေါ့"

"အံမယ် . . . တယ်ဟုတ်ပါလား"

လက်ဖက်ရည်ဆိုင်အတွင်းရှိ လူများသည် သံတောင်ကိုပဲ စိတ်ဝင်တစားနှင့် ဝိုင်းစနေကြသည်။

သံတောင်ကလည်း လက်ဖက်ရည်လေးသောက်လိုက်ပြန်ဖြေလိုက်နှင့် လုပ်နေသည်။

"ဒါနဲ့ . . . ဦးဇော်က က မိန်းမယူတော့မှာလား"

"ဟာ . . . ဘယ်နှယ့်၊ သဘောတူထားတာတောင် မရှိသေးဘူး"

တော်ကီက ကြားဖြတ်ဝင်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မတိပါဘူး၊ လမ်းမှာ ကောင်မလေးတစ်ယောက်နဲ့ ခိုးကြောင်ခိုးဝှက်ချိန်းတွေ့နေလို့"

"ဘာ . . . ဇော်ကက ကောင်မလေးတစ်ယောက်နဲ့ ချိန်းတွေ့နေတာ"

အားလုံး ထိတ်လန့်အံ့ဩသွားသည်။

"ဟုတ်လို့လား၊ သံတောင်"

"ဟုတ်တယ်၊ သားက ကစားဖို့ဆိုပြီး လူရှင်းတဲ့နေရာကို သွားတာ၊ အဲဒီမှာ ဦးဇော်က,က ကောင်မလေးတစ်ယောက်ကို ဖက်ထားပြီးစကားပြောနေတယ်၊ သားကတောင် မေးလိုက်သေးတယ်၊ ဘာလုပ်နေတာလဲလို့"

"အဲဒီတော့သူက ဘာပြန်ဖြေလဲ"

"ချိန်းတွေ့နေတာတဲ့"

"ချိန်းတွေ့နေတာ . . . ချိန်းတွေ့နေတာ"

ထိုစကားလုံးကို မကြားဖူး၍ အားပုံးမှာ ဇဝေဇဝါ ဖြစ်သွားကြသည်။ မေးသောတစ်ယောက်ကပဲ သံတောင်ကို ပြန်မေးလိုက်သည်။

ထိုအချိန်တွင် သံတောင်ဘေးနားသို့ လူအများပိုင်းအုံနေကြပြီဖြစ်သည်။





"ချိန်းတွေ့တယ်ဆိုတာ ဘာကိုပြောတာလဲ သံတောင်"

"သားလဲ ဦးတို့ပေးသလို ဦးဇော်ကကိုမေးလိုက်တယ်"

"အဲဒီတော့"

"တစ်ဦးနဲ့တစ်ဦးချစ်ကြကြိုက်ကြလို့ မိဘမသိအောင်အပြင်မှာ တွေ့ပြီးစကားပြောတာတဲ့"

"ဟင်"

"သားလဲ သိပ်နားမလည်တာနဲ့ ပြန်လာခဲ့တာ၊ အဲ့ဒီမှာ ဦးဇော်က,က လက်ဖက်ရည်သောက်ဖို့ဆိုပြီး မုန့်ဖိုးပေးတာနဲ့ ဝင်သောက်နေတာ"

သံတောင်က လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြန်သည်။ အားလုံးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဘာပြောလို့ပြောရမှန်းမသိလည်း ဖြစ်နေကြသည်။ ဇော်ကသည် သူ တင်ထားသည့် အလုပ်ကိစ္စကို သူ့နည်းသူ့ဟန်ဖြင့် ပြုလုပ်နေသည်ဟု အားလုံးက ရိပ်မိလိုက်ကြသောကြောင့် ဖြစ်သည်။

"ဒါနဲ့ . . . သံတောင်"

"ပြောလေ . . . တိရင်ဖြေမှာပေါ့"

သံတောင်က မုန့်ကိုပလုတ်ပလောင်းစားနေရင်းမှ ပြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ကနဲ့ထိုင်နေတဲ့ကောင်မလေးက ဘယ်သူလဲ"

"မမဆုတောင်းပြည့်"

"ဘာ"

"ဘာ" ဟု အော်သံကြောင့် အားလုံးမှာ အသံလာရာကို ကြည့်လိုက်ကြသည်။ "ဟင်" ဆုတောင်းပြည့်အဖေ ဦးပြည်လှ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အားလုံးတွန့်သွားကြသည်။ ဦးပြည်လှက မထင်ရင် မထင်သလို ဒေါသကြီးသည်မဟုတ်ပါလား။

နောက်ပြီး မြို့၏အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။

□

(၁၈)

ထိုသို့ ဖြစ်ပျက်နေချိန်တွင် စာကြည့်တိုက်ထဲသို့ လူတစ်ယောက် ဝင်လာလေသည်။ စာကြည့်တိုက်ပိတ်ချိန် ဖြစ်နေသောကြောင့် စာကြည့်တိုက်အတွင်းတွင် လူရှင်းနေသည်။

မတင်ဘုက နောက်ဆုံးလက်ကျန်စာရင်းကို ရေးမှတ်နေ၏။ ထိုအချိန်တွင် သူ့အရှေ့တွင် လာရပ်သော အရိပ်တစ်ခုကြောင့် လန့်ပြီးမော့ကြည့်လိုက်သည်။

"အမယ်လေး၊ လန့်လိုက်တာ ဘယ်သူများလဲလို့"

"ကျွန်တော် အကူအညီတစ်ခုတောင်းချင်လို့ပါ"

"ပြောလေ၊ ဘာကူညီပေးရမလဲ"

ဝင်လာသော လူက ဟိုဟိုဒီဒီကြည့်လိုက်သည်။

"ဘယ်သူမှ မရှိပါဘူးဟဲ့ . . . ငါတစ်ယောက်တည်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက အိတ်အတွင်းမှ စာအုပ်တစ်ထပ်လိုက်ကြီး ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်တင်ကာ -

"ဒီစာအုပ်တွေ ဖတ်ချင်တဲ့လူရှိရင် ငှားပေးပါလား"

"ဘာစာအုပ်တွေလဲ"

မတင်ဘုက စပ်စပ်စုစုနှင့် တစ်အုပ်ကောက်ကိုင်ကြည့်သည်။

"ဟင် ... အချစ်စာအုပ်တွေပါလား၊ ငါ ..., ငါမယူထားရဲဘူး"

"လုပ်ပါ ... ဟိုတစ်လောတုန်းက မတင်ဘုဖြစ်နေတဲ့ ရောဂါပျောက်တဲ့နည်းလမ်း ကျွန်တော်သိခဲ့ပြီဗျ"

ရောဂါ ပျောက်တဲ့ နည်းလမ်းဆို၍ မတင်ဘု စိတ်ဝင်စားသွားသည်။ သူ့ရောဂါက ညညမခံမရပ်နိုင်အောင် ကိုက်နေသည် မှတ်လား။

သို့သော် -

"မဖြစ်သေးပါဘူး ... ဦးဆိုတာတို့သိရင် ငါအလုပ်ပြုတ်လိမ့်မယ်၊ နင်သိတဲ့အတိုင်းပဲလေ ... ကန့်ကွက်ထားတဲ့ စာအုပ်တွေမတင်ရဘူးဆိုတာလေ၊ နင် ... နင်လည်း အဲ့ဒီကိစ္စကို ကြိုးစားခွင့်ပိတ်ထားတယ်လေ၊ နင် ဒုက္ခရောက်ဦးမယ်"





တစ်ဖက်လူမှာ စိတ်မလျှော့သေးပဲ -

"အခုညဖက်ကိုက်သေးလား"

"အင်း ... ကိုက်သေးတယ်"

မတင်ဘုက ငြီးငြီးငြူငြူဖြင့် ပြန်ဖြေသည်။

ထိုလူက အိတ်ထဲမှ စာအိတ်တစ်အိတ်ထုတ်လိုက်သည်။ ထို့နောက် ခုံပေါ်တင်ထားသော စာအုပ်များဘေးတွင် တင်လိုက်ကာ -

"ဒီစာအိတ်ထဲမှာ ဆေးနည်းပါတယ်၊ တပတ်အတွင်း ပျောက်တယ် မတင်ဘု"

ဟု ပြောလိုက်သည်။

မတင်ဘုက စာအိတ်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့ပြင် ဘေးတွင် တင်ထားသော စာအုပ်များကိုလည်း တစ်ချက်ကြည့်လိုက်ပြန်သည်။

ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်ပြီး -

"ကောင်းပြီလေ ... ငါကဘာလုပ်ပေးရမှာလဲ"

❑



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ဦးပြည်လှသည် အိမ်အပေါ်ထပ်သို့ ဒေါကြီးမောကြီးနှင့် တက်သွားလေသည်။ အိမ်အပေါ်ထပ်တွင် တစ်ယောက်မှမရှိချေ။

"မမြင့်ပု . . . မမြင့်ပု"

သူမိန်းမနာမည်ကို လှမ်းခေါ်လိုက်သည်။ တစ်ယောက်မှ ထွက်မလာချေ . . .။ ထပ်အော်ခေါ်လိုက်ပြန်သည်။

"မမြင့်ပု . . . တစ်ယောက်မှ မရှိဘူးလား"

အိမ်နောက်ဖေးမှ အမျိုးသမီးကြီးတစ်ဦးပြေးထွက်လာသည်။

"ဘယ်လိုဖြစ်လို့ ဒီလောက်တောင် အော်ခေါ်နေရတာလဲ"

"ငါ့သမီး ဆုတောင်းပြည့်ရော"

"ရှိတယ်လေ . . . အိမ်နောက်ဖေးမှာ"

"ဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကျွန်မနဲ့အတူရှိနေတာပဲ"

ဦးပြည်လှသည် သူ့မိန်းမကိုကျော်ပြီး အိမ်နောက်ဖေးဘက်သို့ ဝင်လိုက်သည်။ သူ့သမီးဆုတောင်းပြည့်က သူ့ကို ပြုံးကြောင်ကြောင်လေးကြည့်နေတာကို တွေ့ရသည်။ ထိုအခါ ဦးပြည်လှက သူ့မိန်းမဘက်သို့ မျက်နှာလှည့်လိုက်ပြီး -

"ဆုတောင်းပြည့်ဘယ်သွားသေးလဲ"

"ဘယ်မှမသွားပါဘူး၊ မနက်ကတည်းက ကျွန်မနဲ့ရှိနေတာ . . . ဘာ . . . ဘာဖြစ်လို့လဲရှင် . . . အထိတ်တလန့်နဲ့"

ဦးပြည်လှမှာ ဇဝေဇဝါဖြစ်သွားပြီး သူ့သမီးကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သူ့မိန်းမကို သမီးနှင့်ဝေးရာ ဆွဲခေါ်သွားပြီး အကျိုးအကြောင်းပြောပြလိုက်လေသည်။

"ဩော် . . . ရှင်ကလဲ၊ ကလေးပြော စကားကိုယုံနေပြန်ပြီ"

"မဟုတ်ဘူးကွ၊ ကလေးတွေက မလိမ်တတ်ဘူး"

ဦးပြည်လှက ခေါင်းတချက်ကုတ်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး၊ ကိုပြည်လှရယ်၊ ဒီလောက်လဲစိတ်မပူပါနဲ့"





"မဟုတ်သေးဘူး၊ ဒီကောင် ဇော်က တစ်ခုခုကြံစည်နေပြီထင်တယ်"

"ရှင်က ဘယ်လိုထင်လို့လဲ"

"ငါလည်း မခန့်မှန်းတတ်သေးဘူး၊ သူ့အလုပ်တင်တဲ့ကိစ္စကို မကျေလည်သေးဘူးနဲ့တူတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်"

ဦးပြည်လှသည် ခုံပေါ်တွင် ထိုင်ချလိုက်သည်။ သူ့မိန်းမဘက် လှည့်လိုက်ပြီး . . .

"ဇော်ကဲ့,က လွယ်လွယ်နဲ့အလျှော့ပေးမယ်မထင်ဘူးကွ၊ ပြီးတော့သူက ဉာဏ်လည်းကောင်းတယ်"

"ကျော်စိန်မြို့ဥပဒေရှိတာပဲ၊ သူမလုပ်ရဲလောက်ပါဘူး"

ဦးပြည်လှက ဒေါ်မြင့်ပုရဲ့စကားကို ပြန်မဖြေသေးပဲ စဉ်းစားနေလေသည်။

သံတောင်က အကြောင်းမဲ့သက်သက်တော့ ဇော်ကနဲ့ သူ့သမီးအကြောင်းကို ပြန်မပြောနိုင် . . .။

ဆုတောင်းပြည့်ကလည်း အိမ်ထဲဝယ် တစ်နေကုန်ရှိနေသည်။ မည်သည့်အတွက်ကြောင့်လဲ။

မစဉ်းစားချင်တော့ . . .။ ထို့ကြောင့် သူ့မိန်းမဘက်လှည့်လိုက်ပြီး -



www.burmeseclassic.com

www.burmeseclassic.com



"သမီးလည်းပညာစုံနေပြီပဲ၊ ငါတို့ အိမ်ထောင်ချပေးဖို့ စီစဉ်ရင် ကောင်းမယ်ထင်တယ်"

❑



(၂၀)

လုံးကြီးတင်သည် လက်ထဲတွင် စာရွက်ခေါက်လေးကိုင်ကာ ပျော်ရွှင်နေလေသည်။ စာရွက်ထဲတွင် သူ့သားမေးထားသော မေးခွန်းအဖြေပါနေသောကြောင့်ဖြစ်သည်။ ဖတ်ပြီးသားဖြစ်သော်လည်း နောက်တစ်ခေါက် ထပ်ဖတ်လိုက်သည်။

ကြက်မကြီးသည် ဝပ်နေသော ကြက်ဥများမှ
ကြက်ကလေးများ ထွက်လာလိမ့်မည်ဟု မျှော်လင့်
ထားလား

ဤသို့သော မျှော်လင့်ချက်မျိုးလုံးဝမရှိပေ၊ ယင်းအချိန်တွင် ၎င်းသိရှိသည့် တစ်ခုတည်းသောအချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဥများပေါ်၌ ဝပ်နေရသည့်အတွက် အလွန်ဇိမ်တွေ့
လှခြင်း ဖြစ်သည်။

အထူးသဖြင့် တိရိစ္ဆာန်များသည် လုပ်ရိုးလုပ်စဉ်
အလေ့အကျင့်များရှိသည်။ ထိုလုပ်ရိုးလုပ်စဉ် အလေ့အကျင့်
များအရ ဆက်လက်ဆောင်ရွက်လေ့ရှိသည်မှတပါး အခြား
တွေးခေါ်စဉ်းစားဉာဏ်မှာ အများအားဖြင့် မရှိလှပေ၊
ကြက်မကြီးသည် ဥများဥပြီးသောအခါ လုပ်ရိုးလုပ်စဉ်အတိုင်း
ဝပ်နေသည်မှအပ အခြားခံစားချက်ဟူ၍ မရှိပေ၊

ဥပမာအားဖြင့် - တိရိစ္ဆာန်လောကတွင် ကြက်ထက်
အဆင့်မြင့်သော ခွေးများပင်လျှင် တွေးခေါ်ဉာဏ်မရှိပေ၊
ထိုသို့ပြုမူလုပ်ကိုင်ရမည်ဟု သင်ကြားထားလျှင်သော် လည်း
ကောင်း၊ လုပ်လေ့လုပ်ထရှိလျှင်သော် လည်းကောင်း၊
ထိုအတိုင်းပင် ဆက်လက်လုပ်ကိုင်သွားမည် ဖြစ်သည်၊

ထို့ကြောင့် ဝပ်နေသော ကြပ်မကြီးသည် ၎င်း၏
ဥများမှ ကြက်ကလေးများပေါက်လာလိမ့်မည်ဟု မည်သို့မျှ
မျှော်မှန်းနိုင်စွမ်းမရှိပေ၊

စာရွက်ကိုခေါက်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။ သား
ကျောင်းက ပြန်လာပါက ပြန်ပြောပြရန်အတွက်ဖြစ်သည်။





ထို့ပြင် ဇော်ကပြောသွားသော စကားများကိုလည်း
ပြန်စဉ်းစားနေမိသည်။ သူကလည်း သဘောတူရန်အတွက် ခေါင်း
ညိမ့်မိလိုက်သည်။ စဉ်းစားနေစဉ်မှာပဲ လက်ဖက်ရည်သောက်ရန်
အတွက် လူငယ်တစ်ယောက်ဝင်လာ၏။

“ကိုကြီးလုံးတင် . . . လက်ဖက်ရည်တစ်ခွက်ဗျာ”

“အေး . . . အေး၊ ထုံးစံအတိုင်းပဲမှတ်လား”

“ဟုတ်”

လုံးကြီးတင်က အဖျော်ဆရာအားလှမ်းမှာလိုက်ပြီး ထိုလူ
ငယ်ရှိရာသို့ သူကိုယ်တိုင်သွားပို့ပေးသည်။

သူ့ဆိုင်တွင် စားပွဲထိုးမထားချေ . . .။ အလုပ်အရှမ်း
များ၍ သူကိုယ်တိုင်လုပ်လေသည်။

“ဟေ့ကောင် မင်း အခုဘာလုပ်နေလဲ”

လုံးကြီးတင်က စားပွဲတွင် ဝင်ထိုင်လိုက်ပြီး စကားစ
လိုက်သည်။

“အလုပ်တစ်ခုရတယ်လေ၊ အဲ့ဒါပဲလုပ်နေတယ်”

“ကောင်းတယ်၊ အလုပ်ရှိမှလည်း ငါတို့မြို့မှာ အဆင်ပြေ
မှာကွ”

“ဟုတ်တယ်၊ ဒီကျော်စိန်မြို့က မလွယ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

ထိုလူငယ်က ပြောလည်းပြော ရယ်လည်းရယ်နေသေးသည်။

“ဒါနဲ့မင်းကို ငါမေးရဦးမယ်”

“မေးလေ”

“ဟို . . . ဇော်က အလုပ်ကိစ္စကို သိတယ်မှတ်လား”

“ဟာ . . . နာမည်ကျော်ပဲ သိတာပေါ့”

“အဲ့ဒီတုန်းက မင်းက သူ့အလုပ်ကိုစိတ်ဝင်စားလား”

“အင်း . . . ကျွန်တော်ကလည်း လူငယ်ဆိုတော့ အသစ်အဆန်းကို စိတ်ဝင်စားတယ်ဗျ၊ ဒါပေမယ့် သူပြောတဲ့အချစ်ကို သဘောနားမလည်ဘူးဗျ”

“ဩော် . . . မင်းက သဘောနားလည်ချင်တယ်ပေါ့”

“သိတော့ သိချင်တာပေါ့”

“အဲ့ဒီအကြောင်းရေးထားတဲ့ စာအုပ်ဖတ်ချင်လား”

“မရှိဘူးဆို”

“အခုရှိသွားပြီ . . . ဇော်က အခြားမြို့ဘေက ဝယ်ထားတာ”

“ဟာ . . . ဇော်ကတော့ ဒုက္ခရောက်တော့မှာပဲ”

“ဒါက သူ့ကိစ္စပဲလေ၊ မင်းဖတ်ချင်လားလို့ ငါမေးတာ”





လူငယ်မှာ အနည်းငယ်တုံ့ဆိုင်းသွားသည်။

စိတ်ထဲမှာလည်း လွန်ဆွဲနေပုံရသည်။ အချစ်အကြောင်းကို သိလည်း သိချင်သည်။ သို့သော် ပြောခံရမှာလည်း စိုးသည်။ နောက်ဆုံး သိချင်သည့် စိတ်ကများသွားသည်။

“ဖတ်မယ်ဗျာ၊ ဘယ်မှာရှာဖတ်ရမလဲ”

“စာကြည့်တိုက်ကိုသွား၊အဲ့ဒီမှာ . . . မတင်ဘုကို ဒီလိုသင်္ကေတလေးလုပ်ပြ”

ဟု ဆိုပြီး လုံးကြီးတင်က ဇော်က သင်ပေးထားသွားသည့်အတိုင်း လုပ်ပြလေ သည်။ လူငယ်ကလည်း လုံးကြီးတင်လုပ်ပြသည့် သင်္ကေတကို လိုက်မှတ်ကာပြန်လုပ်ကြည့်လေ၏။



□



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် 'ကျော်စိန်မြို့' လူငယ်အသိုင်းအဝိုင်းတွင် 'အချစ်အကြောင်း' ရေးထားသော စာအုပ်များသည် တိုးတိုးတိတ်တိတ် လျှို့ဝှက်စွာဖတ်ရသော စာအုပ်များဖြစ်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

“ဆုတောင်းပြည့် . . . ဆုတောင်းပြည့်”

အောက်ထပ်မှ အော်သံကြောင့် ဆုတောင်းပြည့်ထွက်ကြည့်လိုက်သည်။ သူ့သူငယ်ချင်း သဘာဝကို တွေ့လိုက်ရသည်။

“ဟဲ့ . . . လာလေ၊ အပေါ်တက်ခဲ့”

သဘာဝက အပေါ်တက်လာပြီးနောက် အိမ်ထဲသို့ဟိုဟိုဒီဒီကြည့်လိုက်သည်။

“ဘာရှာနေတာလဲ”

“နင့်အဖေနဲ့အမေရော”

“လမ်းထိပ် ခဏထွက်သွားတယ်၊ ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ပါဘူး၊ နင့်ကို ငါပြောထားတဲ့စာအုပ်လေ ငါလာပေးတာ”

www.burmeseclassic.com

www.burmeseclassic.com



သဘာဝက ဝှက်ထားသော စာအုပ်လေးကို ထုတ်လိုက်သည်။ ဆုတောင်းပြည့်မျက်နှာမှာ ပြုံးသွားပြီး-

"နင်ဖတ်ပြီးပြီလား"

"ဘယ်လိုလဲ"

"တစ်မျိုးလေးပဲဟ၊ ရင်တုန်သလိုလို ဘာလိုလိုပဲ"

ဆုတောင်းပြည့်က တစ်ရွက်နှစ်ရွက်လှန်ကြည့်လိုက်သည်။ ပြီးနောက် -

"ငါ ခဏယူထားလိုက်မယ်"

"အေး၊ယူထားလိုက်၊ နင့်အဖေအမေတော့ မမြင်စေနဲ့"

"ဟာ ... ဘယ်အတွေ့ခံလို့ဖြစ်မလဲ၊ ငါ ဒုက္ခရောက်မှာပေါ့"

"အေးပါ၊ ငါကသတိပေးတာပါ"

"နင့်ကို ငါ မေးရဦးမယ်"

"မေးလေ"

"ဟိုတစ်နေ့က ဇော်က ငါနဲ့ တွေ့တယ်ဆိုတာကို လူတွေက ပြောကြတယ်ဆို"

"အင်း ... သံဘောင် ပြောတာပဲ"

"ဟုတ်မှမဟုတ်တာ"





"အဲဒါတော့ ဘာဖြစ်လို့လဲ ငါလဲ မသိဘူး"

ထိုသို့ ပြောနေစဉ် အောက်ထပ်မှ အသံများကြားလိုက်ရသည်။

"ဟဲ့ ... နင့်အဖေတို့ပြန်ရောက်လာပြီလားမသိဘူး"

ဆုတောင်းပြည့်မှာ ထိတ်လန့်သွားပြီး လက်ထဲကစာအုပ်ကို ဘယ်ဝှက်လို့ဝှက်ရမှန်းမသိဘူးဖြစ်သွားသည်။

သဘာဝကလည်း ကြောက်ကြောက်လန့်လန့်နှင့်ဝှက်လေ ... ဝှက်လေဟု တိုးတိုးလေးအော်နေသည်။

ဆုတောင်းပြည့်လည်း နီးစပ်ရာ တစ်နေရာတွင် စာအုပ်များကိုတွေ့လိုက်ရသည်။ ထိုအထဲထိုးထည့်လိုက်၏။

ဦးပြည်လှ အိမ်ပေါ်ရောက်ချိန်တွင် သူတို့နှစ်ယောက် အေးအေးဆေးဆေးစကားပြောနေသည်ကိုတွေ့လိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

လူငယ်များမှာ မလုပ်ပါနဲ့ဟု တားမြစ်ထားသော
တိုမှုအား လုပ်ကြည့်ချင်စိတ်ရှိတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

"ဒါဆို ငါတို့က ကောင်မလေးတစ်ယောက်ကို ကြိုက်ရင် 'ချစ်တယ်' လို့ပြောရမှာပေါ့"

"အေး . . . ဟုတ်တယ်၊ အဲ့ဒါကို ရည်စားစကားလို့လည်း ခေါ်သေးတယ်တဲ့"

လုံးကြီးတင် လက်ဖက်ရည်ဆိုင်ရှိ ထောင့်ခုံနားတွင် လူငယ်အချို့အချစ်အကြောင်းကို တိုးတိုးတိတ်တိတ် ဆွေးနွေးနေကြခြင်းဖြစ်သည်။

လုံးကြီးတင်လည်း သူတို့ဝိုင်းတွင်ထိုင်ကာ စိတ်ဝင်တစား ဆွေးနွေးနေမိသည်။ သူလည်း အချစ်ကို စိတ်ဝင်စားနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကောင်မလေးက 'ချစ်တယ်' လို့ ပြန်ပြောမှ ချစ်သူဖြစ်ခွင့်ရတာနော်"

"အေးပါ၊ ငါလည်းသိပါတယ်ကွ"

"ကောင်မလေးက "မချစ်နိုင်ဘူး"လို့ ပြောရင် အသည်းကွဲသေးတယ်ကွ၊ အဲ့ဒီအသည်းကွဲတဲ့ အရသာက သိပ်ကောင်းတယ်တဲ့"

စသည်ဖြင့် အချစ်အကြောင်း တိုလီမိုလီများကို ပြောနေကြသည်။ လုံးကြီးတင်က တစ်ဦးတစ်ယောက်ကို သတိရသွားပြီး -

"ဒါနဲ့ . . . ငါတို့ ဇော်ကကို မတွေ့တာကြာလှပြီ၊ ဒီကောင်ဘယ်ရောက်နေလဲမသိဘူး"

"ဟုတ်တယ်၊ ကျွန်တော်နဲ့လည်း မတွေ့တာကြာပြီ"

ဟု တော်ကီကလည်း ဝင်ပြောသည်။

"ဒီကောင် ဘာတွေကြိတ်ကြံနေလဲမသိဘူး"

"ဟုတ်တယ်၊ သူက အလျှော့ပေးမှာတော့မဟုတ်ဘူး၊ အခုတောင်မှ ဒီမြို့မှာ သူလုပ်ထားတာ တော်တော်ခရီးပေါက်နေပြီ"

"ဦးဆိုတာနဲ့အခြားလူကြီးတွေသိသွားရင် မလွယ်ဘူးနော်"

"အခုဟာက လူငယ်တွေအတွင်းမှာပဲ ပျံ့နှံ့နေတာပါ"





"အေးလေ၊ ဒါက ပြောလို့မရသေးပါဘူး"

ဟု ဆိုပြီးစကားစဖြတ်ကာ 'အချစ်အကြောင်း' သို့ ဦးတည်လိုက်ပြန်သည်။

"ချစ်သူဖြစ်သွားရင် ပျော်စရာကြီးပဲတဲ့၊ ဒါပေမယ့် မမိုက်တာက ဒီအချစ်ကိစ္စကြီးကို ခိုးကြောင်ခိုးဝှက်လုပ်ရမှာကွ၊ ငါတို့မြို့မှာက မလွယ်ဘူး"

"ခိုးကြောင်ခိုးဝှက်လုပ်ရတာလည်း အရသာတစ်မျိုးပေါ့ကွာ၊ ရည်းစားစကားလည်း ခိုးကြောင်ခိုးဝှက်ပြော၊ ချိန်းတွေ့လည်း ခိုးတွေ့ပေါ့ . . . ဟား . . . ဟား . . . ဟား"

အားလုံးသဘောကျစွာ ရယ်မောလိုက်ကြသည်။

"ချစ်တယ်လို့ ပြောတာက အကြောင်းမဟုတ်ဘူး၊ ကောင်မလေးက သဘောမတူလို့ တိုင်ပြောရင် အားလုံးဒုက္ခရောက်သွားမှာလည်း ပါသေးတယ်နော်"

"အေး . . . အဲဒါလဲ ဟုတ်တယ်"

"ရည်းစားစကားမပြောရဲရင် . . . ရည်းစားစာက ပိုမိုက်မယ်ထင်တယ်နော်"

"ဟုတ်တယ် . . . ငါဆိုရင်ပြောရဲမှာမဟုတ်ဘူး၊ ရည်းစားစာပဲပေးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



-မှာ ဆိုပြီး 'အချစ်အကြောင်း' ကို စိတ်ဝင်တစ်စားဖြင့် ဆက်ပြောနေကြတော့သည်။

ထိုအချိန်တွင် ဆိုင်အတွင်းသို့ 'လူကြီးတစ်ဦး' ဝင်လာလေ၏။ လူငယ်တိုင်း၏ပြောနေသောစကားများ ရပ်တန့်သွားသည်။ ချက်ချင်းဆိုသလိုပင် စကားလမ်းကြောင်း ပြောင်းပစ်လိုက်ကြသည်။

❑



## (၂၃)

ညဖက်လူချေတိတ်ချိန်တွင် ဖြစ်သည်။ ဆုတောင်းပြည့်သည် အခန်းအတွင်း၌ စာအုပ်ကို ဖတ်ပြီးတစ်ယောက်တည်း သဘောကျနေသည်။

သူ့သူငယ်ချင်းလာပေးသွားသော အချစ်အကြောင်းရေးထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ တစ်ခါမှ မကြားဘူး၊ မဖတ်ဖူးသော အဖြစ်အပျက်များဖြစ်သောကြောင့် ရင်ခုန်သလိုလို ဖြစ်နေသည်။

ပျော်သလိုလည်း ခံစားနေရသည်။ ထို့ပြင် နိုးဖတ်နေသောကြောင့် အချစ်ဝတ္ထုမှာ လွန်စွာဇိမ်တွေ့နေလေသည်။

ဝတ္ထုထဲတွင် ကောင်မလေးချစ်သူသည် ကောင်မလေးအားခိုးကြောင်ခိုးဝှက်လာတွေ့သည့် အခန်းဖြစ်သည်။ အသည်းတထိတ်ထိတ်နှင့် ဖတ်လို့ကောင်းလှသည်။ ထို့ပြင် အချစ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း ခံစားထားသော အနုအရှစာသားလေးများကလည်း ဖတ်ရင်းဖတ်ရင်းနှင့်ပင် ကြည်နူးစရာကောင်းလှသည်။

"ဒေါက် . . . ဒေါက်"

ပြတင်းပေါက်မှန်တံခါးခေါက်သံကို ကြားလိုက်ရသည်။

ဖတ်လက်စစာအုပ်ကို ခေါင်းအုံးအောက်သို့ အပြေးအလွှားဝှက်လိုက်၏။ ထို့နောက် အသံလာရာပြတင်းပေါက်ကို ကြည့်လိုက်မိ၏။

"ဟင် . . . ဇော်က"

သူမအခန်း၏ ပြတင်းပေါက်မှန်တံခါးကို တိုးတိုးလေး ခေါက်နေသော ဇော်ကကိုတွေ့လိုက်ရလေသည်။

"နင် . . . ဘာ . . . ဘာလာလုပ်တာလဲ ဇော်က"

အိမ်ထဲက အရိပ်အခြေကို တစ်ချက်ကြည့်ရင်း ဇော်က ကို မေးလိုက်သည်။

"ငါ နင့်ကိုတွေ့ချင်လို့လာတွေ့တာ ဆုတောင်းပြည့်"

ဆုတောင်းပြည့် မျက်နှာလေးရဲသွားသည်။

ရှက်ကိုးရှက်ကန်းဟန်သည်လည်း သူ့အလိုလို ပေါက်သွားသည်။ တကယ်တော့ သဘာဝတရားကို မည်သူမျှ ပိတ်ပင်၍မရချေ။

❑



## (၂၄)

"ဟိတ် . . . ဟိတ် . . . ဒီမှာ"

အရှေ့က လှမ်းသွားနေသော ကောင်မလေးကို ကောင်လေးတစ်ယောက် လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

ကောင်မလေးက တုံ့ခနဲရပ်လိုက်သည်။

"ဘာလဲ"

ကောင်မလေးက 'ဘာလဲ' ဆို၍ ကောင်လေးက 'အ ထစ် အ ထစ်' ဖြစ်သွားပြန်သည်။

သို့ပြင်ပတ်ဝန်းကျင်ကိုလဲ အထိတ်တလန့်ဖြင့် ကြည့်နေရသေးသည်။

"ဟို . . . အချစ်အကြောင်းစာအုပ်တွေ ဖတ်ဖူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်ဖူးပါတယ်"

"တော်သေးတာပေါ့"

"ဘာတော်သေးတာလဲ"

"ကျွန်တော်က . . . အဲ့ဒီထဲက အတိုင်း . . . ရည်းစားစကားပြောချင်လို့"

"ရှင်"

❑



ထိုသို့ဖြင့်
ကျော်စိန်မြို့လေး အတွင်းတွင်
တစ်ချို့နေရာများ၌ ကောင်မလေးအား ရည်းစားစကား
လိုက်ပြောသည့်ဖြစ်စဉ် အချို့လည်း
ဖြစ်ပေါ်ခဲ့လေသည်။

တစ်ချို့ကပြန်ကြိုက်၍ တိုးတိုးတိတ်တိတ်ချစ်သူ
ဖြစ်သွားကြသည်။
တစ်ချို့ကိုလည်း ပြန်မကြိုက်ပါက 'မည်သူ့ကိုမျှ
ဒီအကြောင်းပြန်မပြောပါရန်
အနူးအညွတ်တောင်းပန်ရသည်။
တစ်ချို့တလည်း ပြန်မကြိုက်ပါက ထိုဖြစ်စဉ်ကို
ပြန်မပြောကြပါ။

သို့သော်
မြို့၏လူတော်တော်များများ
သိထားသော ထိုကိစ္စကိုအားလုံး ဖုန်းကွယ်၍
မရနိုင်ချေ . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

"ငါ . . . နင့်ကို ငယ်ငယ်လေးထဲက ချစ်တာ"

"ဟုတ်လို့လား . . . ယုံပါဘူး"

ဆုတောင်းပြည့်က နှုတ်ခမ်းလေးစူပြီးပြောသည်။

စာအုပ်ထဲက အချစ်အကြောင်းကတော့ ဘယ်လိုနေသည်မသိ . . .။ သူ့ရင်ထဲမှာတော့ ဇော်ကကို မတွေ့ရလျှင် တစ်ခုခုလိုနေသလိုပင်ခံစားနေရသည်။

ဇော်ကကလည်း သူမကိုအချစ် စာအုပ်တွေထဲကအတိုင်း 'ချစ်တယ်' ဟု ပြော၏။ သူမကလည်း သူနှင့်ပတ်သက်လျှင် တစ်စုံတစ်ခုခံစားနေရမှန်း သိသည်။

ထို့ကြောင့် 'ငါလည်း ချစ်တယ်' ဟု အဖြေပြန်ပေးမိ၏။ သူတို့ချစ်သူနှစ်ဦးသည် 'ကျော်စိန်မြို့' တွင် လူအသိမခံနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဇော်ကက ဆုတောင်းပြည့်ပြတင်းပေါက်နားသို့ ညတိုင်းလိုလို လာတွေ့သည်။ ကြည်နူးကြသည်။ စကားတွေပြောဖြစ်ကြသည်။ ဆုတောင်းပြည့်ကလည်း ဇော်ကနဲ့တွေ့ရင် အမြဲလိုလို ပျော်နေမိသည်။

"ယုံပါ၊ ငါဘာကယ်ပြောတာ . . . ပိုသေချာသွားတဲ့နေ့ပြောရမလား"

"အင်း"

"အဲ့ဒီနေ့က အိမ်မှာ ငါ့အမေက ငါ့ကို ဆူနေတဲ့နေ့လေ၊ ငါလဲ စိတ်ညစ်ညစ်နဲ့ ထိုင်နေတုန်း ငါတို့အိမ်ရှေ့က နင်ပြတ်သွားတာ တွေ့လိုက်တာပဲ၊ အဲ့ဒီအချိန်တုန်းက နင်က ပန်းရောင်အကျီလေးနဲ့လေ၊ သိပ်လှတာပဲ"

"ပိုရန်ကော" ဟူသော အကြည့်ဖြင့် ဆုတောင်းပြည့်က ဇော်ကကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

❑



## (၂၆)

ဦးပြည်လှသည် တိုးတိုးတိုးတိုးအသံများကိုကြားရ၍ အိပ်ယာမှ ရုတ်တရက်နိုးလာသည်။

ဘယ်ကလာတဲ့အသံလည်းဟု ခန့်မှန်းလိုက်သည်။ သူ့သမီးအခန်းက ထွက်နေခြင်းဖြစ်သည်။

ဘေးကိုတစ်ချက်ကြည့်လိုက်၏။ သူ့မိန်းမကတော့ နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေသည်။ အိပ်ယာပေါ်မှ ညင်ညင်သာသာလေး ဆင်းလိုက်သည်။ ထို့နောက် တစ်ချက်ရပ်လိုက်ပြီး သေချာအောင်လို့ နားစွင့်လိုက်ပြန်သည်။

သေချာသည်။ ထိုအသံသည် သူ့သမီးအခန်းက ထွက်နေခြင်းဖြစ်သည်။ ယောကျ်ားတစ်ယောက်၏ အသံကိုလည်း ခပ်သဲ့သဲ့ကြားလိုက်ရ၏။

❑



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ထိုအချိန်တွင် ဆုတောင်းပြည့်ကို ဇော်ကက အနမ်းကြောင်းရှင်းပြနေသည့် အချိန်ဖြစ်သည်။

"ချစ်သူဖြစ်ရင် နမ်းရတယ်ဟ"

"အာ . . . ဟုတ်လို့လား"

"ဟုတ်တယ်"

"မနမ်းရင် မရဘူးလား"

"မရဘူး"

ဇော်က ကြည့်ပြီး ဆုတောင်းပြည့်မျက်နှာမှာ ရှုံ့မဲ့သွားသည်။ ဇော်ကကလည်း ဆုတောင်းပြည့်ကို ရယ်ကျဲကျဲနှင့်ကြည့်နေလေသည်။ ထိုအချိန်တွင် -

"ဒုန်း . . . ဒုန်း"

www.burmeseclassic.com

www.burmeseclassic.com



“သမီး ... တံခါးဖွင့်စမ်း”

ဟူသော ဦးပြည်လှအသံကို ကြားလိုက်ရသည်။

❑



(၂၈)

စာကြည့်တိုက်ထဲသို့ လူတစ်ယောက်ဝင်လာလေသည်။ ထိုလူသည်ကောင်တာဆီသို့ လျှောက်သွားကာ ကောင်တာရှေ့ရပ်လိုက်၏။

မတင်ဘုက ထိုလူအားတစ်ချက်မော့ကြည့်လိုက်ပြီး-

“ဘာစာအုပ်လိုချင်ပါသလဲ”

ထိုလူက လက်ကလေးနှင့် သင်္ကေတတ် လုပ်ပြသည်။ မတင်ဘုက နားလည်ကြောင်းခေါင်းညိတ်ပြလိုက်ပြီး-

“ခဏလေးနော်”

ဟု ဆိုပြီး စာကြည့်တိုက်ထဲသို့ ဟိုဟိုဒီဒီတစ်ချက်ကြည့်လိုက်၏။ ထို့နောက် အနောက်ဘက်ထဲသို့ ခဏဝင်ပြီး စာအုပ်အချို့ကိုင်ကာ ကောင်တာသို့ ပြန်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



-- သို့သော် ကောင်တာ သို့ ရောက်သော အခါတွင် -

"ဟင်"

စာအုပ်လာမေးသောသူနှင့်အတူ ဦးဆိုတာ၊ ဦးပြည်လှ တို့ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ မတင်ဘုလက်ထဲမှ စာအုပ်အချို့ ပြုတ်ကျသွားလေသည်။

❑



သတင်းထုတ်ပြန်ချက် (၁)

မောင်ဇော်ကသည် 'ကျော်စိန်မြို့' စည်းမျဉ်းစည်းကမ်း ဥပဒေများကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၎င်းနှင့်အတူ အောက်ပါ (၂) ဦးအားလည်း ပူးတွဲကြံ စည်ကြောင်းထပ်မံစစ်ဆေးတွေ့ရှိရပြန်သည်။

(၁) လုံးကြီးတင်

(၂) မတင်ဘု

သို့ဖြစ်ပါ၍ မောင်ဇော်ကအား အောက်ပါအချက်များ အား ကျူးလွန်သည်ဟု ယုံကြည်ရပါ၍ ကျော်စိန်မြို့အုပ်ချုပ်ရေး အဖွဲ့မှ စည်းမျဉ်းဥပဒေဖောက်ဖျက်မှုဖြင့် အရေးယူမည်ဖြစ်သည်။

မောင်ဇော်ကသည် နိုဝင်ဘာလ ၁၅ ရက်နေ့ ကျော်စိန် မြို့အုပ်ချုပ်ရေးအဖွဲ့တွင် လာရောက်ဖြေရှင်းရန်ဖြစ်သည်။

၎င်းကျူးလွန်သော စည်းမျဉ်းဥပဒေများမှာ-

(၁) ကျော်စိန်မြို့ဥပဒေ၊ အလုပ်အကြောင်းအခန်းပါအရ အုပ် ချုပ်ရေးအဖွဲ့ရဲ့ပယ်ချလိုက်သော အလုပ်(သို့) ရာထူးနေ ရာအား မည်သည့်ကိစ္စမျိုးနှင့်မှ သွယ်ဝိုက်၍ မလုပ်ဆောင် ရပါ။ မဖန်တီးရပါဆိုသော အကြောင်းအား ဖောက်ဖျက် သည်ဟု စွပ်စွဲချက်တင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂) ကျော်စိန်မြို့ဥပဒေ၊ ယဉ်ကျေးမှုအခန်း၊နောက်ဆုံးပိုဒ်အရ ကျော်စိန်မြို့အတွင်းသို့ 'အုပ်ချုပ်ရေး' အဖွဲ့မှ တားမြစ်ထားသော စာအုပ်များအား ပုံနှိပ်ဖြန့်ချိခြင်း။

(၃) တားမြစ်ထားသည့် စာအုပ်ထဲမှ အကြောင်းအရာများအား ပြုမူလုပ်ဆောင်ခြင်း။

တို့အား ဖောက်ဖျက်သောကြောင့် ဖြစ်သည်။

ပူးတွဲပါသိမ်းဆည်းရမိသော စာအုပ်များကိုလည်း အုပ်ချုပ်ရေးရုံးတွင် ပြသထားပါသည်။

ပုံ

ကျော်စိန်မြို့အုပ်ချုပ်ရေးအဖွဲ့

ထိုသတင်းသည် ကျော်စိန်မြို့လေးအတွင်း၌ ချက်ချင်းပျံ့နှံ့သွားသည်။

တစ်ခါမှ မဖြစ်ဘူးသော အဖြစ်အပျက်ဖြစ်ခြင်းကြောင့်လည်း လူအများမှာ ပို၍စိတ်ဝင်စားကြသည်။

တစ်ချို့က ဇော်က ဘာတကရှိသလို၊

တစ်ချို့ကလည်း ဇော်ကမှားသည်ဟု ဆိုကြသည်။

မည်သို့ဆိုစေ

တစ်မြို့လုံးသည် ဇော်ကနှင့်အချစ်ကိစ္စအကြောင်းကိုသာ ပြောနေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

"တစ်ခါမှ မကြားဖူးပါဘူးကွာ၊ အချစ်အကြောင်းပြောဆိုလို့ စစ်လား၊ ဆေးလား လုပ်ခံရတယ်လို့"

လူငယ်လေးတစ်ယောက်က မကျေမနပ်နှင့် ပြောသည်။ လက်ဖက်ရည်ဆိုင်အတွင်းရှိ ဖော်ကာဘက်ကရှိနေသော သူများကလည်း 'ဟုတ်တယ်' ဟု ထောက်ခံကြသည်။ သို့သော် လူကြီးပိုင်းတစ်ချို့ကတော့-

"မြို့ရဲ့စည်းကမ်းကို ဖောက်ဖျက်လို့ စစ်ဆေးတာပဲ၊ အချစ်ကိစ္စရယ်လို့ ဦးတည်စစ်ဆေးတာမှမဟုတ်ပဲ"

ဟု ပြောကြပြန်သည်။

"လုံးကြီးတင်နဲ့မတင်ဘုကလည်း ကိုးမိုးကန့်လန့်ပါနေသေးတယ်၊ သူတို့ကိုလည်း ဘယ်လိုလုပ်မလဲမသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီနေ့ကျမှပဲ သိမှာပဲလေ"

"ဘယ်နေ့လဲ"

"ကြေညာထားတဲ့နေ့လေကွာ၊ လုံးကြီးတင်နဲ့ မတင်ဘုကို အရင်စစ်မယ်၊ ပြီးရင် ဇော်ကကိုစစ်မယ်"

"ထင်ရှားရင်ဇော်ကကို ဘယ်လိုအပြစ်ပေးကြမှာလဲ"

"အပြင်းထန်ဆုံးကတော့ ဒီမြို့မှာမနေရဆိုတဲ့ အပြစ်ပဲပေါ့"

"ဟာ . . . အဲ့ဒါကြီးတော့ မကောင်းပါဘူးဗျာ"

ထိုသို့ဖြင့် တစ်ယောက်တစ်ခွန်းပြောရင်း 'မကျေနပ်တဲ့လူက မကျေနပ်' 'ကောင်းတယ် နည်းတောင်နည်းသေးတယ်' ဟု ဆိုသူကဆိုနှင့်သူတို့အမြင်များကို ပြောနေကြတော့သည်။

ပိုဆိုးသည်က ဇော်ကဘက်ကရှိနေသူများသည် ဇော်က ချစ်သူဆုတောင်းပြည့် အဖေဦးပြည်လှက သူ့သမီးအားအိမ်ထောင်ချပေးရန် ရက်သတ်မှတ်လိုက်ခြင်းကြောင့် စိတ်မကောင်းဖြစ်ကြခြင်းဖြစ်သည်။

ထို့ပြင် ဆုတောင်းပြည့်နှင့် မင်္ဂလာဆောင်မည့်သူမှာ ဆုတောင်းပြည့်နှင့်မလိုက်ဖက်ပဲ လွန်စွာရုပ်ဆိုးပြီး ပိုက်ဆံရှိသော သူဌေးသားတစ်ဦးဖြစ်နေသေးသည်။





ဆုတောင်းပြည့်မင်္ဂလာဆောင်သည့်နေ့မှာ နိုဝင်ဘာလ ၁၅ ရက်နေ့၊ အုပ်ချုပ်ရေးရုံး၌ ဇော်က အစစ်ခံရမည့်နေ့လည်းဖြစ်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ဘာလ (၁၄) ရက်

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

"ဇော်က . . . မင်းဘယ်လိုလုပ်မလဲ"

တော်ကီက ဇော်ကကိုလှမ်းမေးလိုက်သည်။ ဇော်က၊ တော်ကီနှင့် ဇော်ကဘက်ရှိသော ကိုကြိုက်ဆိုသည့် သူတို့သုံးဦးသည် မြို့တစ်နေရာရှိ လူရှင်းသော နေရာ၌ထိုင်နေခြင်းဖြစ်သည်။

"ရုံးမှာ ရှင်းရမယ့်ကိစ္စကို ငါမစိုးရိမ်ပါဘူး၊ ဆုတောင်းပြည့်နဲ့ငါ့ကိစ္စကိုပဲ စိုးရိမ်နေတာ"

"ဒါဆို အချစ်ဝတ္ထုတွေထဲမှာ ပါတဲ့အတိုင်းခိုးပြေးပါလား"

"ခိုးပြေးဖို့ငါ့မှာအချိန်မရှိဘူးလေ၊ ပြီးတော့ မနက်ဖြန်ဆိုရင် သူက မင်္ဂလာဆောင်တော့မှာ"

"ဦးပြည်လှကလည်း အုပ်ချုပ်ရေးအဖွဲ့ဝင်ပဲလေ၊ မင်းကို စစ်ဆေးနေတုန်းမှာ သူရှိရမှာပေါ့၊ အဲ့ဒါဆိုရင် သူ့သမီးမင်္ဂလာက ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို စစ်ဆေးမှာက (၂) နာရီလောက်ပဲကြာမှာလေ ... ငါတို့ကို စစ်ပြီးရင် မင်္ဂလာဆောင်ကို တန်းသွားမှာပေါ့"

"ဟိုတစ်နေ့က မင်းချိန်းတွေ့တာ အဖိုးကြီးတွေ့သွားလို့ ယောကျ်ားမြန်မြန်ပေးဖို့ စီစဉ်လိုက်တာလား"

"အဲဒီနေ့က ငါ့ကိုတော့တွေ့ မသွားဘူးကွ၊ ဒါပေမယ့် ငါပေးထားတဲ့ စာတွေနဲ့ အချစ်ဝတ္ထုတွေကို တွေ့သွားတယ်တဲ့၊ အဲဒါကြောင့် ငါ လုပ်ထားတဲ့ကိစ္စတွေပဲ သွားပြီး၊ သူ့သမီး ဆုတောင်းပြည့်ကိုလည်း ယောကျ်ားပေးစားဖို့ စီစဉ်ရတယ်လို့ သူ သူငယ်ချင်းသဘာဝနဲ့ ငါ့ကိုပြောခိုင်းလိုက်တယ်"

"မင်းဟာကလည်း မလွယ်ပါဘူးကွာ"

ကိုကြိုက်ဝင်ပြောသံကြောင့် သူတို့အားလုံးစိတ်ပျက်သွားကြသည်။

ဇော်ကက နီးစပ်ရာ ကုန်းလေးပေါ်တွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် အဝေးကို ငေးကြည့်နေမိ၏။ မျက်လုံးထဲတွင် ဆုတောင်းပြည့်မျက်နှာကိုပဲ မြင်နေမိ၏။

သူမရှိဘဲ ဇော်ကကဘဝဆက်လက်မရှိနိုင်ဟု တွေးနေမိသည်။ သို့သော် အခုအချိန်တွင် ဘာလုပ်လို့လုပ်ရမှန်းလည်း မသိတော့ချေ။ ဘေးကျပ်နံကျပ်ရောက်နေသည်။





သူ့သူငယ်ချင်းများကို ဟစ်ချက်လှည့်ကြည့်လိုက်သည်။ သူတို့လည်း ဘာမှတတ်နိုင်သည့်ပုံစံမရှိချေ ...။ အားလုံးငိုင်တိငိုင်တိုင်ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဪ ... အချစ်၊ အချစ် မသိပဲနေတုန်းမိလိုက်ရင် အကောင်းသား၊ အခုတော့ အချစ်အကြောင်းသိလာတော့ ခံစားရခက်နေပြီ"

ထိုစဉ် ချုံပုတ်ထဲမှ အဖိုးကြီးတစ်ယောက်ပြေးထွက်လာပြီး လေယာဉ်ပျံကြီးကို ပွူးကနဲ မောင်းကာ သူတို့ဘေးနားတွင် ပတ်ပြေးနေလေ၏။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ လည်းပြောနေလေသည်။

"အချစ် ...အဲ့ဒီအချစ်ကို နာတီတယ်၊ အချစ် ... အဲ့ဒီအချစ်ကို နာတီတယ်"

ဟု အော်ပြောကာ ပတ်ပြေးနေလေတော့၏။

ဇော်ကတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အူကြောင်ကြောင်နဲ့ဖြစ်နေတော့သည်။

ဇော်ကက-

"အဘက ... အချစ်အကြောင်းသိလို့လား၊ အဘရဲ့"

ဟု လှမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘာရဲ့ဆိုတဲ့ အခေါ်အပြောကြောင့် အဖိုးကြီးက လေယာဉ်ပျံကို လေထဲတွင် ရပ်တန့်လိုက်သည်။ မေးတဲ့လူကိုလည်း မကြည်သလိုကြည့်သည်။ ပြီးမှ -

"ဒီတစ်ခေါက်တော့ တားခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါ အဘာရို့မခေါ်နဲ့"

"ဟုတ် . . . ဟုတ်ကဲ့ပါ"

"သေချာနားထောင်"

"တား ငယ်ငယ်တုန်းက စာတွေအများကြီး ဖတ်ဖူးတယ်"

"အင်း"

"အဲ့ဒီစာအုပ်ထဲမှာ အချစ်အကြောင်းအဖြစ်အပျက်ကို ဖတ်ဖူးတယ်"

အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး ရုတ်တရက်ဆိုသလို ထခုန်မိလိုက်ကြသည်။

"အဘ . . . အဲ . . . အကိုကြီး၊ ဘယ်စာအုပ်ထဲမှာလဲ"

" ငါတို့ဆီမှာ နာမည်သိပ်မကြီးတဲ့ အဖြစ်အပျက်တွေကို စုထားတဲ့စာအုပ်ကွ၊ ကြာတော့ကြာပြီ . . . ကြာတော့ကြာပြီ"

လေသံကို ထပ်ခါထပ်ခါပြောပြီး လေယာဉ်ကို ဝူးကနဲ လုပ်နေပြန်၏။





"စာအုပ်နာမည်က ဘာလဲ အစ်ကိုကြီး"

အကိုကြီးဆိုလိုက်၍ သဘောကျသွားသည်။ ထို့နောက် စဉ်းစားသလိုလိုလုပ်လိုက်ပြီး -

"တိတိတော့မမှတ်မိတော့ဘူးကွ၊ စာအုပ်နာမည်မှာ ငါတို့ မြို့နာမည်ပါတာပဲ မှတ်မိတယ်"

"ကျော်စိန်လား"

"ဟုတ်"

ဟုသာ

တစ်ခုထဲပြောပြီး သူတို့ရှေ့မှ ပြေးထွက်သွားလေတော့သည်။ ဇော်ကလည်း ပြေးထွက်သွားသော အဖိုးကြီးကို ကြည့်ပြီးနောက် တစ်ခွန်းထဲရေရွတ်လိုက်သည်။

"ငါတို့ စာကြည့်တိုက်သွားမှ ဖြစ်မယ်ထင်တယ်"

❑



www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

စာကြည့်တိုက်ထဲသို့ ဇော်ကတို့ဝင်သွားသောအချိန်သည် လူရှင်းနေသော အချိန်ဖြစ်သည်။ ကောင်တာတွင် မတင်ဘုအစား အခြားတစ်ယောက်ရောက်နေသည်ကို တွေ့လိုက်ရသည်။

"အမ"

ကောင်တာမှ အမကြီးက မော့ကြည့်သောအခါ ဇော်ကကို မြင်သွားပြီး လန့်သွားလေသည်။

"ဟဲ့ . . . ဘာ၊ ဘာဖြစ်လို့လဲ"

"စာအုပ်ရှာချင်လို့"

"နင့်စာအုပ်တွေတော့ မရှိတော့ဘူးနော်"

"ဟာ . . အဲ့ဒါယူမလို့မဟုတ်ဘူး၊ အခြားစာအုပ်ရှာချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရှာလေ၊ ဘာစာအုပ်ရှာချင်လို့လဲ"

"နာမည်တော့ သေချာမသိဘူးဗျ၊ စာအုပ်မှာ ကျော်စိန်ဆိုတဲ့ နာမည်ပါတဲ့ စာအုပ်စာရင်းရှိလား"

"နေဦး၊ ငါလည်းအခုမှလုပ်တာဆိုတော့ သေချာမသိသေးဘူး၊ ရှာပေးမယ်"

ဟုဆိုပြီး အနောက်ဘက်ထဲသို့ ဝင်သွားလေသည်။

ဇော်ကဘိုမှာ ကောင်တာနားတွင် ရင်မောပြီးကျန်ခဲ့တော့သည်။

❑



(၁၂)

လူသုံးယောက်သည် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေလေ၏။ ထို့နောက် တစ်ယောက်တစ်ခွန်းစီ တိုးတိုးတိတ်တိတ်ပြောနေလေ၏။

တစ်ဦးတစ်ယောက်ပြောသည်ကို ကျန်တဲ့နှစ်ယောက်က ခေါင်းညိမ့်ကာနားထောင်နေ၏။

ပြောနေသောသူက ပြောပြီးပြီးချင်းပင် အိတ်ထဲက အရာတစ်ခုအား ကျန်နှစ်ယောက်ကို ပေးလိုက်၏။

"သေချာလုပ်နော်"

ဟု မှာနေသံကိုလည်း ကြားလိုက်ရသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ဘာလ ၁၅ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

ကျော်စိန်မြို့အုပ်ချုပ်ရေးအဖွဲ့ရုံး . . . ။

ရုံးရှေ့မှာရော ရုံးအတွင်းပရိသတ်နေရာများတွင်ပါ လာရောက်ကြည့်ရှုသော သူများမှာများပြားနေသည်ကို တွေ့ရသည်။

ဒီနေ့သည် ဇော်က၊ လုံးကြီးတင်နှင့် မတင်ဘုတို့အား စစ်ဆေးမည့်နေ့ဖြစ်သည်။ ကျိတ်ကျိတ်တိုးစည်းကားလှသောကြောင့် တစ်ချို့မှာနေရာမရပဲ ရုံးရှေ့တွင်ပဲ ထိုင်ကာ သတင်းကိုစောင့်နားထောင်ရန်အတွက် ထိုင်ချလိုက်ကြလေသည်။

ရုံးအတွင်း စင်မြင့်ပေါ်တွင်-

ဦးဆိုတာ၊ ဦးပြည်လှနှင့် အခြားအုပ်ချုပ်ရေးအဖွဲ့ဝင်များ ထိုင်နေကြလေသည်။ ဦးဆိုတာက ပရိသတ်များဘက်သို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အခါမှ ဒီလောက်များပြားသော ပရိသတ်ကို မတွေ့ဘူးချေ . . .။ ကျန်သည့်အဖွဲ့ဝင်များကိုလည်း တစ်ချက်ကြည့်လိုက်မိသည်။

ဦးပြည်လှမှလွဲ၍ ကျန်တဲ့အဖွဲ့ဝင်များကလည်း သူလိုပင် ပရိသတ်အား ကြည့်နေသည်ကိုတွေ့ရသည်။ ဦးပြည်လှကတော့ မျက်နှာကို ဟင်းထား၏။

ဦးဆိုတာက သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက် အရှေ့ဘက်သို့ မျက်နှာမူလိုက်ကာ-

"လုံးကြီးတင်"

ဟု အော်ခေါ်လိုက်လေသည်။

❑



## (၃၄)

အိမ်ကြီးတစ်အိမ်ရှေ့တွင်လည်း လူအများသည် သူ့အလုပ်နှင့်သူ ရှုပ်နေလေ၏။ ပုံစံများကို ကြည့်ခြင်းအားဖြင့် မင်္ဂလာဆောင်တစ်ခုအား စီစဉ်နေပုံရသည်။

ပို၍သေချာသည်က -

မျက်နှာပေါက်ဆိုးဆိုးနှင့် လူတစ်ယောက်က အော်ဟစ်အမိန့်ပေးနေခြင်းဖြစ်သည်။

"သေချာလုပ်ကြနော် . . . ဒါဟာ မင်္ဂလာယူရမယ့်အချိန် သိပ်မပြောချင်ဘူး"

ထိုသို့အောက်ထပ်တွင် ဖြစ်ပွားနေစဉ် အပေါ်ထပ်ရှိအခန်းတစ်ခန်းတွင်လည်း သတို့သမီးဟု ထင်ရသော သူတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



အလှုပြင်ပေးနေလေသည်။ အခန်းထဲတွင် သတို့သမီးရယ်၊ သတို့သမီးသူငယ်ချင်းတစ်ယောက်နှင့် အလှုပြင်ပေးနေသော အဒေါ်ကြီးတစ်ယောက်ပဲရှိသည်။

"နင့်အမေရော"

"အောက်ထပ်မှာလေ ... ဟိုလူနဲ့ဖြစ်မှာပေါ့"

ဟု သတို့သမီးက စိတ်ဆိုးနေသည့် အသံဖြင့်ပြောသည်။

"နင် သူ့ကို တကယ်ပဲလက်ထပ်တော့မှာလား"

ထိုသို့မေးလိုက်သောကြောင့် သတို့သမီး၏မျက်နှာမှာ ညှိုးငယ်သွားလေ၏။

လှပသောမျက်နှာမှာ ညှိုးငယ်မှုဖြစ်သွား၍သူ့သူငယ်ချင်းလည်း စိတ်မကောင်းဖြစ်သွားပုံရ၏။

"ဘယ်လက်ထပ်ချင်မလဲ၊ ငါချစ်တာက ဇော်ကပဲလေ၊ ငါလည်း ဘယ်လိုလုပ်ရမလဲမသိဘူး"

ပြောရင်းနဲ့မျက်ရည်ကျလာလေသည်။ အလှုပြင်နေသောအဒေါ်ကြီးလည်း စိတ်မကောင်းဖြစ်သွားပုံရသည်။

"အဒေါ် ကိုယ်ချင်းစာပါတယ် သမီးရယ်၊ အဒေါ်တို့မြို့မှာက ဓလေ့ကို ဖြစ်နေတဲ့ မိဘပေးစားတာကို အဒေါ်လည်း သဘောမကျပါဘူး၊ ဒါပေမယ့် အဒေါ်လည်း ဒီအချိန်ထိ အဒေါ့်ယောက်ျားနဲ့ အဆင်ပြေအောင်နေခဲ့ပါတယ်"





သတို့သမီးက မျက်ဝန်းမှ မျက်ရည်များကို သုတ်လိုက်သည်။

"ငါ တစ်နေရာကိုသွားချင်တယ်၊ ဒီက ထွက်သွားရပြီးရော"

သတို့သမီး၏တောင်းဆိုမှုကြောင့် သူ့သူငယ်ချင်းမှာလည်း ဖြာယာခတ်သွားသည်။ ထိုစဉ်အောက်ထပ်တွင် သတို့သားလောင်းအား ကလေးတစ်ယောက်က မေးမြန်းနေသည့် စကားသံကို ကြားလိုက်ရလေသည်။

"ဦးဦး"

"ဟာ ... သံတောင်ပဲ၊ ဘာကိစ္စလဲကွ"

"မမ ဆုတောင်းပြည့်ရှိလား"

" အေး ... ရှိတယ်၊ အပေါ်မှာအလှုပြင်နေတယ်ကွ၊ သူက ဒီနေ့လက်ထပ်မှာလေ၊ မင်းသိတယ်မှတ်လား"

"တီသားပဲ၊ အဲ့ဒါကြောင့်လာတာ"

"ဘာလာလုပ်တာလဲကွ"

"မမဆုတောင်းပြည့်ကို မွေးမွေးပေးချင်လို့"

ဟု ပြောပြီး အိမ်အပေါ်ထပ်သို့ ပြေးတက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ခြံ၏အပြင်ဘက်တွင် လူနှစ်ယောက်သည် မတ်တပ်ရပ်ကာ ခြံဝန်းအတွင်းသို့ ရင်တဒိတ်ဒိတ်နှင့် ချောင်းကြည့်နေလေသည်။

❑



(၃၅)

"လုံးကြီးတင်"

"ဗျာ"

"မင်းက ဖော်ကပြုလုပ်တဲ့ကိစ္စတွေကို တစ်ဖက်တလမ်းနဲ့ ကူညီတယ်ဆို၊ အပြစ်ဖြစ်မှာကို မသိဘူးလားကွ"

ဦးဆိုတာ၏ မေးသံကြောင့် ပရိသတ်များအားလုံး၏ အသံမှာ ရေနှင့် ငြိမ်းသလို ငြိမ်သက်သွားကြသည်။

လုံးကြီးတင်၏ မျက်နှာတွင် ကြောက်ရွံ့သည့်ပုံစံကို မတွေ့ရချေ...။ သူက ဦးဆိုတာ၏ အမေးကို အေးအေးဆေးဆေးလေး ပြန်ဖြေသည်။

"သိပါတယ်"

"အေး . . . သိရဲ့သားနဲ့ ဘာဖြစ်လို့မင်းက ကူညီတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မြို့မှာ အချစ်ကိုလိုအပ်တယ်လို့ ယုံကြည်တဲ့အတွက် ကူညီတာပါ"

"ဟင်"

ပရိသတ်များထံမှ အသံများထွက်လာသည်။

ဦးဆိုတာနှင့် ဦးပြည်လှမှာလည်း ကွက်ခနဲ မျက်နှာပျက်သွားလေသည်။ လုံးကြီးတင်ကတော့ မျက်နှာတည်တည်ကြီးနှင့် စကားဆက်ပြောဖို့ ခွင့်တောင်းလေသည်။

"ကျွန်တော်နဲ့ကျွန်တော့်မိန်းမအကြောင်းကို တင်ပြပါရစေ"

ဦးဆိုတာက ခေါင်းညိတ်ပြလိုက်သည်။

ပရိသတ်မှာလည်း စိတ်ဝင်တစားနှင့် နားထောင်နေကြလေသည်။ လုံးကြီးတင်က သူ့စကားသူဆက်သည်။

"ကျွန်တော်နဲ့ကျွန်တော့်မိန်းမဟာ ချစ်ကြိုက်ပြီးမှ ယူခဲ့ကြတာပါ"

"ဟာ"

"ဟင်"

"မဖြစ်နိုင်ပါဘူး"

ဝေဖန်သံများ ထွက်လာပြန်သည်။





ဦးဆိုတာက လက်ကိုတစ်ချက်မြှောက်လိုက်သည်။ အားလုံးတိတ်သွားပြန်သည်။ ဦးဆိုတာက ခေါင်းတချက်ဆက်ပြ၏။ ဆက်ပြောဆိုသည့်သဘောဖြစ်သည်။

"အချစ်ဟု ယခုလိုကျယ်ကျယ်ပြန့်ပြန့် မသိခင်အချိန်တုန်းက လက်မထပ်ခင် ကျွန်တော်နဲ့သူနဲ့လမ်းမှာ အမှတ်မထင်တွေ့မိကြပါတယ်"

သက်ပြင်းတချက်ချမိလိုက်သည်။ လုံးကြီးတင်၏မျက်လုံးများသည် အတိတ်ကို တွေးနေပုံရသည်။

"သူ့ကိုတွေ့လိုက်တဲ့အချိန်မှာ ကျွန်တော့်ရင်ထဲဘယ်လိုဖြစ်သွားမှန်းမသိပါဘူး၊ စိတ်ထဲမှာတော့ တစ်ခုခုပဲလို့ သိလိုက်ရတယ်။ ဘာမှန်းလဲမသိဘူး၊ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်နေတာတွေ့လိုက်ရတယ်၊ အိမ်ထောင်ကျပြီးတဲ့ တစ်နေ့မှာ ကျွန်တော်ပြန်မေးကြည့်တယ်၊ သူလည်း ကျွန်တော့်လိုပဲ ခံစားရပါတယ်တဲ့"

"အို"

ပရိသတ်ထဲက အာမေဋိတ်သံ ထွက်လာသည်။ လုံးကြီးတင်ကတော့ ဆက်ပြောနေသည်။

"ကံကောင်းချင်တော့ ကျွန်တော့်အိမ်က အိမ်ထောင်ချ



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ ဂီစဉ်တဲ့အမျိုးသမီးဟာ ကျွန်တော်တွေ့ခဲ့တဲ့ ကောင်မလေး ဖြစ်နေတယ်၊ အခုအချိန်မှာပြန်တွေးကြည့်တော့ ဒါဟာ ဇော်ကတို့ ပြောတဲ့ အချစ်ပဲ ဖြစ်မယ်လို့လည်း တွေးမိပါတယ်။ အကယ်၍များ အခုအချိန်မှာ သူနဲ့မရခဲ့ပဲ အခြားတစ်ယောက်နဲ့ ရခဲ့မယ်ဆိုရင် ကျွန်တော်အခုလိုဘဝမျိုးနဲ့မပျော်ရွှင်နိုင်ဘူးလို့ ထင်ပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့မြို့မှာ အချစ်ဟာ လိုအပ်ပါတယ်၊ ကိုယ်ချင်းစာတဲ့အတွက်လဲ ကူညီခဲ့ပါတယ်၊ ပေးတဲ့အပြစ်ကိုလည်း ခံပါ့မယ်"

"ဟေး"

ပရိသတ်၏အော်ဟစ်လိုက်သံသည် ရုံးတစ်ခုလုံးပြည့်နှက်သွားလေသည်။

ဦးဆိုတာနှင့် အခြားအဖွဲ့ဝင်များမှာလည်း ပရိသတ်နှင့် လုံးကြီးတင်ကိုပဲ ကြည့်နေမိသည်။

ဦးပြည်လု၏ မျက်နှာမှာလည်း စိတ်ဆိုးနေသဖြင့် ညိုမဲနေလေသည်။ ဦးဆိုတာက လတ်တစ်ဖက်မြှောက်လိုက်သည်။

အားလုံးငြိမ်သက်သွားပြန်၏။

"ကောင်းပြီလေ၊ မင်းရဲ့ဖြေရှင်းချက်ကိုတို့ နားထောင်ပြီးပြီ၊ ဒီတော့ မင်းနေရာမှာပြန်ထိုင်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ"





လုံးကြီးတင်က သူ့နေရာတွင် ပြန်ထိုင်လိုက်သည်။

ဦးဆိုတာက "မတင်ဘု" အား လှမ်းကြည့်လိုက်သည်။

❑



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

"ဟာ . . . ပြန်ပြီလားကွ၊ သံတောင်ရဲ့"

"ပြန်ပြီဗျာ၊ မမဆုတောင်းပြည့်ကို လွှမ်းလို့၊ မမကို အနိုင်မကျင့်နဲ့နော်"

"အေးပါကွ၊ ငါက စိတ်သဘောထားကောင်းတာလဲ မင်းသိတာပဲကွာ"

"အင်းပါဗျာ၊ အဲ့ဒီလိုပဲ ဖြစ်ပါစေ"

ဟု ပြောပြီး လူကြီးစတိုင်ပုံစံဖြင့် လမ်းလျှောက်ကာ ခြံထဲမှ ထွက်သွားလေ၏။ သတို့သားလောင်းကတော့ ဘေးနားမှာရှိနေသော လူတစ်ယောက်ကို ကြည့်ပြီး . . .

"သံတောင်က လူကြီးလိုပဲဗျ၊ သိပ်တတ်တာပဲ"

ဟု ပြောရင်းကျန်ခဲ့လေတော့သည်။

အံပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com

သံတောင်မှာ ခြံအပြင်ရောက်ရောက်ခြင်းပင် မတ်တပ် ရပ်နေသော လူနှစ်ယောက်ဆီသို့ ပြေးသွားလိုက်ပြီး . . .

"အဆင်ပြေခဲ့တယ် ဂျ"

ဟု ပြောကာ တစ်စုံတစ်ခုကို ကမ်းပေးလိုက်သည်။

"ငါတို့ ပြောခိုင်းတာရော ပြောခဲ့လား"

"ပြောခဲ့ပါတယ်ကွ"

"ဟေး . . . မင်း တော်တယ်"

"တော်တယ် ခဏထားဦး၊ ဦးဇော်ကကို ပြောပေးဦး"

"အေး . . . ဘာပြောပေးရမှာလဲ"

"သူခိုင်းတာ နှစ်ခုရှိပြီလို့ . . . အဲ့ဒါ အလီတစ်ခုပြန်သင် ပေးဦးလို့"

"အေးပါ၊ ပြောလိုက်ပါမယ်"

❑



(၃၇)

"မတင်ဘု"

"ရှင်"

"မင်းအပြစ် မင်းသိတယ်မှတ်လား"

"ဟုတ်ကဲ့ သိပါတယ်"

"အဲ့ဒါဆို ဘာဖြစ်လို့လုပ်သလဲ"

"ကျွန်မဟာ စာအုပ်တွေကို ချစ်မြတ်နိုးတဲ့အတွက် ဒီလို လုပ်မိတာပါ"

"ဘာဆိုင်လို့လဲ၊ စာဆိုတာ အဆိပ်သင့်တဲ့စာတွေလည်း ရှိတယ်၊ ဒီတော့ မဖတ်သင့်တဲ့စာအုပ်တွေဆိုတာ နင်မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ မသိပါဘူး၊ ပြီးတော့ အချစ်စာအုပ်တွေကိုလည်း ဖော်ကယူလာပြီး အကူအညီတောင်းလို့ လုပ်ပေးတာပဲရှိတယ်၊ ပထမတော့ အဲ့ဒီစာအုပ်တွေကို မဖတ်ကြည့်ဖြစ်ပါဘူး၊ တစ်နေ့ တော့ ပျင်းတာနဲ့ ကောက်ဖတ်မိပါတယ်"

ပရိသတ်အားလုံးမှာ မတင်ဘုဏ်စကားကိုသာ အသက်မ ရှူမိပဲ နားထောင်နေမိကြသည်။

"အဲ့ဒီအခါမှာ ဘာတွေ့လာရသလဲဆိုတော့ ကျွန်မဟာ ကျွန်မ ယောက်ျားကို မချစ်ပဲနဲ့ လက်ထပ်ခဲ့မိတယ်လို့ သိလာရပါ တယ်"

"ဟာ"

ပရိသတ်ရော ဦးဆိုတာတို့အဖွဲ့ပါ မတင်ဘုဏ် စကား ကြောင့် မျက်လုံးပြူးသွားကြသည်။ ပြီးနောက် ဦးဆိုတာက ဒေါသ တကြီးဖြင့်-

"ဘာဖြစ်လို့ အဲ့ဒီလိုပြောရတာလဲ"

မတင်ဘုကတော့ မျက်လုံးလေးချပြီးဦးဆိုတာ အမေးကို အေးဆေးလေးပြန်ဖြေလေသည်။

"မကြိုက်နှစ်သက်တဲ့အတွက် သူဘာလုပ်လုပ်အပြစ်ပဲမြင် နေမိတယ်၊ သူ့အတွက် သီးသန့်စဉ်းစားပြီး လုပ်တယ်ဆိုတဲ့ စိတ်





မရှိတော့ပဲ ဝတ္တရားဆိုတဲ့စိတ်နဲ့သာ လုပ်မိတာများလာတယ်၊ သား သမီးရလာတော့ သားသမီးဆိုတဲ့မျက်နှာကို ကြည့်ပြီး သူ့ကိုပိုပြီး ပစ်ပယ်လာမိတယ်၊ သို့သော် အချစ်စာအုပ်တွေထဲမှာပါတဲ့အတိုင်း ပြောရရင် အနေကြာလာတဲ့အတွက်တော့ သူ့အပေါ်ကို သံယော ဇဉ်အနည်းငယ်တော့ ရှိပါတယ်။ ဒီထက်မပိုခဲ့ပါဘူး၊ စာအုပ်ဖတ် နေရင်းနဲ့ အကယ်၍များ ငါချစ်တဲ့သူနဲ့ မင်္ဂလာဆောင်ခဲ့ရင်ဆိုတဲ့ စိတ်တွေလည်း ဖြစ်လာမိပါတယ်၊ ဒါ့ကြောင့် ဒီခေတ်လူငယ်တွေ ဒီလိုမဖြစ်ရအောင် ကျွန်မကူညီဖြစ်တာပါ၊ မြို့ကအပြစ်ပေးမယ်ဆို လည်း ကျွန်မခံပါ့မယ်"

ထိုသို့ပြောပြီးနောက် မတင်ဘုသည် ရှိုက်ကြီးတငင် ငိုနေ လေတော့သည်။

အားလုံးမှာ မတင်ဘုကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား ကြသည်။ ဦးဆိုတာကလည်း နေရာမှာ ပြန်ထိုင်တော့ဟု ဆိုပြီး လက်နှင့်အချက်ပြလိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

"ဒီကိစ္စမှာ မင်းက အဓိကတရားခံပဲ ဇော်က"

"ဟုတ်ပါတယ်၊ ကျွန်တော့်မှာပဲ အပြစ်ရှိပါတယ်၊ ကိုလုံးကြီးတင်နဲ့ မတင်ဘုက ကျွန်တော်အကူအညီတောင်းလို့ လုပ်ပေးရတာပါ"

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ သူတို့လည်း ပါတာပဲ၊ မင်းကို ငါတို့ သတိပေးထားတယ် မှတ်လား၊ မင်းတင်ပြထားတဲ့ကိစ္စဟာ ဓလေ့တွေနဲ့သွေဖယ်တဲ့အတွက် မင်းမကြိုးစားရပါဘူးလို့ တားမြစ်ထားတယ်မှတ်လား"

"ဟုတ်ပါတယ်"

ဇော်က ကခေါင်းလေးမော့ကာ အားလုံးကို အပြစ်ဝန်ခံနေလေသည်။ ကြည့်ရှုနေသောပရိသတ်မှာ အားမလိုအားမရဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ . . . မင်းတင်ထားတဲ့ အလုပ်ကိစ္စကို ကြိုးစားတဲ့အနေနဲ့ စာအုပ်တွေဖြန့်တယ်၊ စည်းရုံးတယ်၊ ပြီးတော့ ဦးပြည်လှသမီးကို 'မင်းတို့ပြောတဲ့ ရည်းစားစာဆိုတဲ့ စာတစ်မျိုး' ကို ပေးတယ်၊ ပြီးတော့ ခလေ့ထုံးစံနဲ့မညီတဲ့ ကိစ္စဖြစ်တဲ့ ဦးပြည်လှသမီးနဲ့ 'အချစ်တွေဖလှယ်ကြတယ်'၊ ဒါတွေဟာ မင်းကိုတားမြစ်ထားတဲ့ ကိစ္စကို မင်းက တိုက်ရိုက်ရောသွယ်ပွိုက်ပါ ကြိုးစားနေတာပဲ ဇော်က"

"ဟုတ်ပါတယ်"

"ဒါတွေအားလုံးဟာ စည်းကမ်းဖောက်ဖျက်မှုနဲ့ အကျုံးဝင်နေတယ် ဇော်က . . . ဒီတော့ မင်းမှာအပြစ်ရှိတယ်လို့ ဝန်ခံတယ် မှတ်လား ဇော်က"

"မရှိပါဘူး"

"ဘာ"

ဦးပြည်လှမှာ ဒေါသတကြီးဖြင့် ထိုင်နေရာမှ ထလိုက်လေသည်။

ပရိသတ်အားလုံးမှာလည်း လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။ ဦးဆိုတာက ဦးပြည်လှကို အတင်းထိုင်ခိုင်းရလေသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျော်စိန်မြို့မှာ ကျွန်တော့်အရင် အချစ်ကိစ္စ ဖြစ်ဖူးပါတယ်"



"ဟင်"

"မဖြစ်နိုင်ဘူး"

ပရိသတ်များမှာ အံ့ဩသွားပြီး တချို့မှာအားမလိုအားမရဖြစ်သွားပြီး မတ်တပ်ပင်ထရပ်နေကြလေသည်။

"ဘာကြောင့်မင်းဒီလိုပြောနိုင်တာလဲ"

ဦးဆိုတာက မေးလိုက်သည်။

ထိုအခါ ဇော်ကက သူယူလာသော စာအုပ်လေးတစ်အုပ်ကို ထုတ်ယူလိုက်ပြီး အုပ်ချုပ်ရေးအဖွဲ့ထိုင်နေသော စင်မြင့်ပေါ်သို့တက်သွားကာ စာအုပ်အားကမ်းလိုက်လေသည်။

ဦးဆိုတာက ဇော်ကပေးသော စာအုပ်ကို လှမ်းယူလိုက်သည်။

စာအုပ်မှာနှစ်ပေါင်း အတော်ကြာနေပုံပေါက်သည်။ ကိုင်သည့်အခါတွင်ပင် နုနုရွရွလေး ကိုင်နေရ၏။

အားလုံးမှာလည်း ဇော်ကပေးသော စာအုပ်ကို စိတ်ဝင်စားနေကြသည်။ ဦးဆိုတာက စာအုပ်အဖုံးပေါ်မှ စာတန်းလေးကို တိုးတိုးလေးရွတ်လိုက်သည်။

**"ကျော်စိန်မြို့၏ မထင်မရှား ဖြစ်ရပ်များ"**

❑

www.burmeseclassic.com

www.burmeseclassic.com

## (၇၉)

"အဲ့ဒီစာအုပ်ထဲက စာမျက်နှာ (၉၁) မှာရှိတဲ့ အခန်း တစ်ခုမှာ ဦးစိန်နာမည်ရှိတဲ့ လူတစ်ဦးဟာ အမျိုးသမီးလေး တစ်ဦးကို စာလေးတစ်စောင်ရေးပေးတယ်လို့ပါရှိပါတယ်။ အဲ့ဒီစာထဲမှာ ကောင်မလေးကို လက်ထပ်ချင်ကြောင်းရေးထားတယ်လို့ ဆိုပါတယ်၊ ဒါဟာလည်း ရည်းစားစာလို့ ခေါ်ဆိုနိုင်တဲ့စာပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ချစ်တယ်ဆိုတဲ့စကားဟာ လက်ထပ်ချင်တယ်ဆိုတဲ့စကားရဲ့ ရှေ့ပြေးဖြစ်သောကြောင့်ပါ၊ ထို့ပြင် ဆုတောင်းပြည့်ကို ရေးပေးတဲ့ စာမှာလည်း လက်ထပ်ချင်တယ်ဆိုတဲ့ စကားတွေ သာပါပါတယ်၊ နောက်ပြီး စာအုပ်ထဲမှာ သူတို့နှစ်ယောက်ဟာ လူကြီးတွေမသိပဲ လက်ထပ်ခဲ့ကြတယ်၊ ဒါကို လူကြီးတွေက သိသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျော်စိန်မြို့မှာ တိတ်တဆိတ်တိုင်ပင်လိုက်ပြီး သူတို့ပဲ လက်ထပ်ဖို့ စီစဉ်သလိုလို ဘာလိုလိုနဲ့ လက်ထပ်ပေးခဲ့ကြပါတယ်လို့ ပါရှိပါတယ်၊ ဒါဟာ ဘာပဲဖြစ်ဖြစ် နှစ်ဦးသဘောတူ ကြိုက်လို့ ယူကြတယ်လို့ အဓိပ္ပါယ်ရောက်ပါတယ်"

ဇော်က က စကားကို ခေတ္တရပ်လိုက်သည်။

အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း ဇော်ကပေးသော စာအုပ်ကို တစ်လှည့်စီကြည့်နေကြလေသည်။

"ပို့ပြီး သေချာတာက စာအုပ်ထဲမှာ ပါတဲ့ ဦးစိန်ဟာ အမျိုးစပ်ကြည့်လိုက်ရင် ဦးဆိုတာရဲ့ အဘေးဖြစ်နေပါတယ်"

"ဟာ"

အားလုံးသည်ဘာမှ ပြောစရာမရှိလောက်အောင် မှင်သက်သွားသည်။ ဇော်ကဆက်ပြောသည်။

"စာအုပ်အခန်းရဲ့ အဆုံးမှာ မှတ်ချက်လေးရေးထားတာကို တွေ့ပါလိမ့်မယ်၊ နှစ်ဦးသဘောတူ တစ်ယောက်နဲ့တစ်ယောက် ကြိုက်ပြီးယူကြတာကောင်းပါတယ်၊ အဲ့ဒီလိုယူကြတော့မှပြီး ပျော်ဖို့ကောင်းတာပေါ့၊ နောက်ကျရင် ဒီမြို့လေးမှာ အဲ့ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်ဆိုပြီး အဆုံးပိတ်စကားလေးလည်းပါပါတယ်"



ရုံးတစ်ခုလုံးငြိမ်သက်နေကြသည်။ ဇော်ကလည်း စကားကို ရပ်လိုက်လေသည်။ ပရိသတ်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များကလည်း ဇော်ကကိုပဲ မမှိတ်မသုန်ကြည့်နေကြသည်။

ထိုစဉ် ပရိသတ်ထဲမှ တစ်ဦးတစ်ယောက်ချင်းစီ လက်ဆင့်ကမ်းလာသော စာရွက်လေးသည် ဇော်ကလက်ထဲသို့ ရောက်ရှိလာလေ၏။ ဇော်ကကစာရွက်ကို တစ်ချက်ကြည့်လိုက်ပြီး အုပ်ချုပ်ရေးအဖွဲ့သို့ မျက်နှာမူကာ-

"နောက်ဆုံးအနေနဲ့ပြောရရင် ကျော်စိန်မြို့ဥပဒေရဲ့ လက်ထပ်ထိမ်းမြားခြင်းဆိုတဲ့ အခန်းမှာ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့သည် လက်ထပ်စာချုပ်တွင် လက်မှတ်ထိုးပြီးပါက အကြင်လင်မယားဖြစ်သည်ဟု ပါရှိပါတယ်၊ ဒီတော့ . . . အားလုံးရှေ့မှောက်မှာပဲ စာချုပ်လေးတစ်ခုကို တင်ပြပါရစေ၊ ကျွန်တော်နဲ့ ဆုတောင်းပြည့်တို့ နှစ်ဦးသဘောတူ လက်ထပ်ထားတဲ့စာချုပ်ပါ"

"ဟာ"

ဦးပြည့်လှက မတ်တပ်ထရပ်သည်။ ပရိသတ်များထဲမှာလည်း ဝရုန်းသုန်းကားဖြစ်သွားလေသည်။ ဇော်ကကလည်း နောက်ဆုံးစကားကို အေးအေးဆေးဆေး ပြောချလိုက်လေသည်။

"ဆုတောင်းပြည့်ဟာ အခု ကျွန်တော့်ဇနီးဖြစ်နေပါပြီ"

❑



www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

“ဆုတောင်းပြည့် . . . ဆုတောင်းပြည့် မရှိတော့ဘူး”

အိမ်အပေါ်ထပ်မှ ပြေးဆင်းလာသော သတို့သားလောင်း၏ ကိုရှိုးကားယားပုံစံကြောင့် အားလုံးထိတ်လန့်သွားကြသည်။

“ဘာ . . . ဘာဖြစ်တာလဲ”

ဆုတောင်းပြည့်အမေက အထိတ်တလန့်ဖြင့် မေးလိုက်လေသည်။

“ဆု . . . ဆုတောင်းပြည့် မရှိတော့ဘူး”

“ဘယ်လို”

“အခန်းထဲမှာ တစ်ယောက်မှ မရှိတော့ဘူး”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းပြည့်အမေသည် ချက်ချင်းဆိုသလိုပင် အပေါ်ထပ်သို့ ပြေးတက်သွားလေတော့သည်။

❑



အုပ်ချုပ်ရေးရုံးအတွင်းမှာ မည်သည့်အသံမှ မကြားရလောက်အောင်ပင် တိတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးပြည်လှက အသက်ပြင်းပြင်းရှူနေ၏။
ဦးဆိုတာက ဝေခွဲ[illegible]ရသည့် မျက်ဝန်းများဖြင့်
တစ်ဦးတစ်ယောက်ကို ကြည့်နေလေသည်။

ပရိသတ်ရော . . .
ပရိသတ်ထဲမှာလည်း ဇော်ကကို အမြင်အမျိုးမျိုးဖြင့်
ကြည့်နေလေသည်။

BURMESE CLASSIC .com

(၄၁)

"ဆုံးဖြတ်ချက်ချမယ်"

ထိုအသံက အားလုံးငြိမ်သက်နေသည်ကို ထပ်မံငြိမ်သက်သွားစေသည်။

"မည်သို့ဆိုစေကာမူ၊ လက်ရှိရှိနေသော ဥပဒေနှင့်ဆုံးဖြတ်ချက်များကို ဇော်ကကချိုးဖောက်ပြီး လုပ်ဆောင်သည်ဟု ယူဆသောကြောင့် ကျော်စိန်မြို့အုပ်ချုပ်ရေးအဖွဲ့မှ ဇော်ကအား ကျော်စိန်မြို့တွင် နေထိုင်ခွင့် ရုတ်သိမ်းလိုက်သည်"

"ဟာ"

ပရိသတ်ထံမှမကျေမနပ်အသံထွက်ပေါ်လာသည်။

"ထို့ပြင် . . . လုံးကြီးတင်မှာဇော်ကကို ကူညီသည်ဟု ဝန်ခံသဖြင့် နောက်မလုပ်ပါဟူသော ကတိစကားဖြင့် မြို့၏သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးလုပ်ငန်းများကို တစ်နှစ်တိတိ အခမဲ့ပြုလုပ်စေ၊ မတင်ဘုမှာလည်း ကူညီသည်ဟု ဝန်ခံသဖြင့် မိန်းကလေးဖြစ်သည့် အတွက်ကြောင့် အလုပ်မှနုတ်ထွက်စေပြီး အခြားအလုပ်တစ်ခုတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ကျော်စိန်မြို့ အုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက်ချလိုက်သည်"

❑

BURMESE CLASSIC .com



နောက်ရက်တွင်
ကျော်စိန်မြို့လေး၌
ဇော်ကနှင့် ဆုတောင်းပြည့်တို့နှစ်ဦးသည်
ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။

အချို့ကတော့
ဆုတောင်းပြည့်ကို ဇော်ကကခေါ်သွားသည်။
ဟုဆိုကြသည်။
သေချာလောက်ပါသည်။
မည်သို့ဆိုသော်
အခြားမြို့သို့ အလုပ်ကိစ္စဖြင့်
သွားရောက်သူအချို့က
ဇော်ကနှင့် ဆုတောင်းပြည့်ကို ရုတ်တရက်
တွေ့လိုက်ရသည်ဟု
ဆိုကြသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့
ကျော်စိန်မြို့လေးမှာ
အချစ်ရှိပြီးသား ဖြစ်မှာပါ။

ရှိပြီးသားအချစ်ကို
အချစ်ဟု မသိကြပဲနဲ့
ဓလေ့ထုံးစံများတွင်မှာ
အချစ်က ပျောက်ကွယ်နေခြင်းသာ ဖြစ်သည်၊

နောင်နှစ်အနည်းငယ်ကြာသောအခါတွင်
ကျော်စိန်မြို့လေးတွင်
ချစ်တဲ့စုံတွဲတွေကလည်း
တိုးတိုးတိတ်တိတ်ချစ်ကြ၏၊
သဘောမတူတဲ့မိဘများကလည်း
ချစ်သူနှစ်ဦးကို ခွဲကြ၏၊
ချစ်သူနှစ်ဦးကလည်း
မိဘများသဘောမတူလျှင်
ခိုးပြေးသည့်အဖြစ်အပျက်များလည်း
ဖြစ်လာခဲ့ကြတော့သည်၊

လေးစားစွာဖြင့်
လူနေ

BURMESE CLASSIC .com

www.burmeseclassic.com